နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၅၄)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရသော သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)




နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

# အုပ်ချုပ်ရေးယန္တရား၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ရသူများဖြစ်၍ အရည်အသွေးပြည့်မီအောင်ပျိုးထောင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးပမ်း အခြေအနေကောင်းများကို ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ပြည်တွင်းပြည်ပအန္တရာယ်များ သတိထားကာကွယ်

ရန်ကုန် စက်တင်ဘာ ၂၀

**ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၄ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

## နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်အောင်ကြိုးပမ်း

- ❒ အထွေထွေအုပ်ချုပ်ရေးဦးစီးအရာရှိများသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကြီး မှန်မှန်လည်ပတ်နိုင်အောင် မောင်းနှင်ပေးရသူများဖြစ်ကြသည့်အတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်၊
- ❒ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို လုံခြုံအောင်၊ တည်ငြိမ်အောင်၊ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာအောင် ပထမဦးစားပေး ဆောင်ရွက်ခဲ့၊
- ❒ မိမိတို့ တပ်မတော်အစိုးရ လက်ထက်ကျမှသာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုရလာပြီး နယ်မြေအေးချမ်းတည်ငြိမ်မှုရလာသည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်၊
- ❒ တရားဥပဒေစိုးမိုးမှုကိုအခြေခံသည့် အုပ်ချုပ်ရေးစနစ် ထွန်းကားကျယ်ပြန့်မှသာ တိုင်းရင်းသားအားလုံး တရားဥပဒေ၏ အကာအကွယ်အောက်၌ အေးချမ်းလုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်မည်၊
- ❒ နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်အောင် စိတ်စေတနာ အပြည့်ထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်။

### တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်၊ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်နှင့် အဆင့်ဆင့်သောရုံးများ ဖွဲ့စည်းထားမှု၊ ဝန်ထမ်းများအား စွမ်းရည်မြင့်မားရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချမှု၊ တည်ဆောက်ရေးတာဝန်ကြီးလေးရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်ရှိ ဝန်ထမ်းများ၊ အထူးသဖြင့် ပြည်နယ်၊တိုင်းအသီးသီးတို့တွင် တာဝန်ထမ်းဆောင်နေကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးအရာရှိများသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကြီး မှန်မှန်လည်ပတ်နိုင်အောင် မောင်းနှင်ပေးရသူများဖြစ်ကြသည့်အတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း၊ ယင်းသို့ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် နေရသူများဖြစ်ကြသည့်အတွက်

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

# ဖန်တီးဖော်ဆောင်ပေးထားသည့် အခွင့်အလမ်းများ ထိရောက်စွာအသုံးချ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ဖြစ်ထွန်းအောင်ဝီရိယစိုက်ထုတ်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံ၍ အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ပြည်သူများ၏ စီးပွားရေးဘဝ ထိရောက်စွာမြှင့်တင်ပေးနိုင်ရန် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်သည်။

တပ်မတော် အစိုးရလက်ထက်တွင် ဖော်ဆောင်ပေးထားသည့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများမှာ ဆည်မြောင်း တာတမံပေါင်း ၁၆၃ ခု တည်ဆောက်ပေးခဲ့ပြီး တည်ဆောက်ဆဲ စီမံကိန်း ၂၈ ခု ရှိသည်။ မြစ်ရေတင် စီမံကိန်း ၂၆၅ ခုကို အကောင်အထည်ဖော်ပေးခဲ့ပြီး တည်ဆောက်ဆဲစီမံကိန်း ၃၀ ရှိသည်။ ဤစီမံကိန်း လုပ်ငန်းများသည် ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်ကာလအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အကျိုးရလဒ်ကောင်းများဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာလ ၁၉ ရက်နေ့က ရန်ကုန်တိုင်း သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးလယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူ တည်ဆောက်နေသည့် ခရမ်းရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ တွေ့ဆုံမှာကြားသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က–

**"ရေထိန်းတံခါးကို သတ်မှတ်ကာလအတွင်း အချိန်မီ တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းသုံးယာဉ်ယန္တရားနှင့် ပစ္စည်းများ၊ ငွေကြေးလုပ်အားနှင့် အချိန်လေလွင့်ဆုံးရှုံးမှုမရှိရေး၊ ရေထိန်းတံခါးကို အချိန်စော၍ တည်ဆောက်ပြီးစီးသည်နှင့်အမျှ ဒေသခံပြည်သူများ ရေထိန်းတံခါးကြောင့် အကျိုးခံစားခွင့်များ စောစီးစွာ ခံစားနိုင်ကြမည်ဖြစ်သဖြင့် စနစ်တကျ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားကြရေး"**

မှာကြားခဲ့သည်။

ရန်ကုန်တိုင်း ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်ပတ်ဝန်းကျင်ရှိ ရေကြီးကွင်း၊ ရေလွှမ်းကွင်းများတွင် မိုးရာသီကာလ မြစ်အတွင်း ဒီရေတက်ချိန်၌ မြစ်ရေများ ကုန်းတွင်းသို့ ဝင်ရောက်ခြင်းမရှိစေရန်၊ မြစ်ရေကျချိန်တွင် ကုန်းတွင်းမှ ရေပိုရေလျှံများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းမိုးမှု မရှိစေရန်၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်းပြီး မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးနိုင်ရန်၊ ဆောင်းသီးနှံအတွက် အစိုဓာတ်ထိန်းသိမ်းပေးနိုင်ရန်၊ ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းများ အတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများ တိမ်ကောမှုတို့ကို တားဆီးပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ခရမ်းရေထိန်းတံခါးကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိသည်။ ခရမ်း ရေထိန်းတံခါး တည်ဆောက်ပြီးစီးပါက လယ်မြေဧက ၃၀၀၀၀ အတွက် အကျိုးပြုနိုင်မည်ဟု သိရသည်။

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ပေးမှုများကြောင့် လယ်မြေဧက သန်းနှင့်ချီပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ကာ တစ်နှစ်တွင် နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်မှု အခွင့်အလမ်းများ ဖြစ်ထွန်းလျက်ရှိသည်။ ယင်းကဲ့သို့ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်သည့် အခွင့်အလမ်းများ ဖြစ်ထွန်း၍ တောင်သူလယ်သမားများ၏ စီးပွားရေးအခြေအနေလည်း ပိုမိုတိုးတက်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများ၊ အခွင့်အလမ်းများကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းစေရန် ဝီရိယစိုက်ထုတ်ကြိုးပမ်း လုပ်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသမီးရေးရာအဖွဲ့တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ အခြေခံယာဉ်မောင်းသင်တန်း၌ သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (ရထား)

# ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာန အခြေခံယာဉ်မောင်းသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရွာသာကြီးတိုင်းရုံးခွဲ၌ ယမန်နေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသမီးရေးရာအဖွဲ့တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်အမှာစကား ပြောကြားကြသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းသူ ၆၄ ဦး တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရွာသာကြီးတိုင်းရုံးခွဲတွင် ဖွင့်လှစ်သင်ကြားပြီး သင်တန်းကို စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်၍ သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၁-၉-၂၀၀၄**

**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Problem of Philosophy
The Nature & Scope of Philosophy
(ဒဿနိကအထူးပြုတတိယနှစ်)
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၃၈)
ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၁၅)



**အာဟာရ ဖွံ့ဖြိုးရေးလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ်စက်တင်ဘာ ၄ ရက်က သဃ်န်းကျွန်း အမက (၂၉)တွင် ဦးအောင်မွန်–ဒေါ်သန်းသန်းဝေတို့၏သား မောင်တာရာအောင်မွန်၏ မွေးနေ့အလှူ အုန်းနို့ခေါက်ဆွဲကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနွယ်နှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (က–ပ)





# ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ညောင်ဂျိုးစခန်း ကော်ဖီပျိုးခြံကြည့်ရှုစစ်ဆေး ဒေသနှင့်ကိုက်ညီသည့် မက္ကာဒေးမီးယားနှင့်ငရုတ်ကောင်းပင်များစိုက်ပျိုးရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၂၀

**ရခိုင်ပြည်နယ် တောင်ကုတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ တောင်ကုတ် တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်စိုးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၈ရက်နံနက်တွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ညောင်ဂျိုးစခန်း ကော်ဖီစိုက်ခင်းသို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ညောင်ဂျိုးဒေသ၌ ဇုန်နယ်မြေအလိုက် ကော်ဖီစိုက်ပျိုးပြီးစီးမှုနှင့် နှစ်အလိုက် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များ၊ စိုက်ပျိုးရေးဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာအလိုက် စိုက်ပျိုးနေမှု၊ ပျိုးပင်များ စိုက်ပျိုးထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးမှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စီမံကိန်းလျာထားချက် ပြည့်မီရေးအတွက် ကြိုးပမ်းစိုက်ပျိုးရေး၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကော်ဖီအပြင် ဒေသနှင့်ကိုက်ညီသည့် မက္ကာဒေးမီးယားနှင့် ငရုတ်ကောင်းပင်များကိုလည်း စီးပွားဖြစ် ဖြစ်ထွန်းအောင် စိုက်ပျိုးဖြစ်ထွန်းရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညောင်ဂျိုးစခန်း ကော်ဖီပျိုးခြံ၌ ပဲခူးတိုင်း(အနောက်ပိုင်း)၌ ကော်ဖီ စိုက်ပျိုးရေးအတွက် စိုက်ပျိုးထားသော ကက်ကျူရာ၊ အာရေးဗီးယားနှင့် မက္ကာဒေးမီးယား ကော်ဖီပျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)တွင် တစ် နှစ်လျှင် ကော်ဖီဧက ၅၀၀ ဖြင့် ငါးနှစ်အတွင်း ဧက ၂၅၀၀ စိုက်ပျိုးရန်လျာထားသည့်အနက် ပဲခူးတိုင်း (အနောက်ပိုင်း) ညောင်ဂျိုးဒေသ၌ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကတို့က ယခင်နှစ်တွင် ကော်ဖီ ၃၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ် အတွင်း ကော်ဖီဧက ၆၃၄ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ယခု ၁၂၈ ဒသမ ၅ ဧကစိုက်ပျိုးပြီးစီးခဲ့ရာ စုစုပေါင်းစိုက်ပြီးဧက ၄၉၅ဒသမ ၅ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ဆက်လက်စိုက်ပျိုးနေဆဲဖြစ်ကြောင်း သိရသည်။

## ဆောင်ရွက်လျက်ရှိ

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန၏ ညောင်ဂျိုးစခန်းကော်ဖီပျိုးခြံတွင် ကက်ကျူရာ၊ အာရေးဗီးယားနှင့် မက္ကာဒေးမီးယားကော်ဖီပျိုးပင်များအပါအဝင် ပျိုးပင်စုစုပေါင်း ၅၉၀၀၀ စိုက်ပျိုးထားပြီး အမြဲတမ်းပျိုးခြံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပြည်မြို့သို့ ရောက်ရှိပြီး ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## ဖျော်ဖြေတင်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီးတို့က အိန္ဒိယ သမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဗဟန်းမြို့နယ် ရှိ မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ တည်ခင်းဧည့်ခံသော ညစာစားပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**

**(သတင်းစဉ်)**

## ■ ကျောဖုံးမှ

ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်မှူးချုပ်သန်းအောင်၊ ဗိုလ်မှူးချုပ်ခင်အောင်နှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

# တိုင်းပြည်တိုးတက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိ တည်ငြိမ်အေးချမ်းမှုမပျက်ပြားအောင် ကာကွယ်စောင့်ရှောက်

ရန်ကုန် စက်တင်ဘာ ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၈ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့သို့ရောက်ရှိရာ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ဝန်ကြီးနှင့် အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ်ရှိ လောကမှန်ကူဆုတောင်းပြည့်စေတီကို ဖူးမြော်ကြည်ညိုပြီး ဘုရားဝင်းအတွင်းရှိ ဘာသံသရ တန်ဆောင်းတွင် ရပ်မိရပ်ဖများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မြို့နယ်တိုးတက်ဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးညှိနှိုင်းသည်။

## မှာကြား

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီး အနေဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အထူးအလေးထား ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အတွက်တည်ငြိမ်အေးချမ်းမှုကို ဦးစွာ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ရှိလျှင် စီးပွားရေးကောင်း မွန်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ စီးပွားရေး ကောင်းမှသာလျှင် ဒေသ ဖွံ့ဖြိုးမှုများ တိုးတက်လာမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

## တိုးတက်အောင်ဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဧရာဝတီတိုင်းသည် တိုင်းပြည်၏ စပါးကျီကြီးဟု တင်စားခံရသလို သားငါးကဏ္ဍတွင်လည်း အားထားရသော တိုင်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးသာမက မွေးမြူရေးကဏ္ဍပါ တိုးတက်အောင် ဆောင်ရွက်သွားရေးမှာကြားသည်။

## ကာကွယ်စောင့်ရှောက်

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ရောက်ရှိလာပြီး ရပ်မိရပ်ဖများ၊ တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ မြို့နယ်အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ တိုင်းပြည်တိုးတက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ် အခြေခံထားရှိရေး၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုကို မပျက်ပြားအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

## ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ လူငယ်ပရဟိတကျောင်းသို့ ရောက်ရှိလာပြီး ပရဟိတကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေ အသီးသီးမှ ကျောင်းသား ၈၂ဦးတို့အတွက် စာအုပ်၊ ခဲတံနှင့် လွယ်အိတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စက်တင်ဘာ ၁၈ရက်က ဧရာဝတီတိုင်း အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့အစည်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**



# ဘဂ္ဂဒက်၌အသေခံကားဗုံးခွဲတိုက်ခိုက်၍လူခြောက်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

**ဘဂ္ဂဒက်မြို့၌ အသေခံဗုံးနှစ်လုံးဖြင့် သောကြာနေ့က ဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူခြောက်ဦးထက်မနည်း သေဆုံးသွားသည်။ ထိုအချိန်တွင် ဖော်လူဂျာမြို့၌လည်း တိုက်ပွဲများဖြစ်ပြီး အမေရိကန်တို့က လေကြောင်းမှတိုက်ခိုက်မှုကြောင့် လူ၄၄ဦး သေဆုံးခဲ့သည်။**

ဘဂ္ဂဒက်တွင် အသေခံဗုံးဖောက်ခွဲသူသည် ၎င်းမောင်းလာသောကားကို ရဲကားရှိရာသို့ အတင်း မောင်းဝင်လာပြီး ကားဗုံးကို ဖောက်ခွဲလိုက်ခြင်း ဖြစ်သည်။ ဗုံးပေါက်ကွဲချိန်မှာ ဟိုင်ဖာလမ်း၌ နံနက်ပိုင်းက တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် ဘဂ္ဂဒက်မြို့တွင်းသို့ လူများဖြတ်သန်းသွားလာခြင်း မပြုရန် ရဲအဖွဲ့က တားမြစ်ထားချိန်ဖြစ်သည်။

**ပြောကြား**

မိမိတို့လမ်းကို ပိတ်ထားချိန်တွင် အင်္ကျီအနီရောင်ကို ဝတ်ထားသော လူငယ်တစ်ဦး ကားမောင်းလာသည်ကို တွေ့ရကြောင်း၊ သူမောင်းလာသော ကားမှာ အလွန်မြန်လွန်းသဖြင့် မိမိ၏ လူများ ၎င်းအားမဟန့်တားနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင် အာမက်မိုဟာမက်က ပြောကြားသည်။

ယင်းသို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူငါးဦးသေဆုံးပြီး အခြား၂၀ ဒဏ်ရာရခဲ့ရာ အများစုမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

**ကားဗုံးဖောက်ခွဲ**

ယခုဖောက်ခွဲမှုသည် လူ၄၇ဦးသေဆုံးခဲ့သော ဘဂ္ဂဒက်မြို့၏ ရဲဌာနချုပ် အပြင်ဘက်၌ ကားဗုံးပေါက်ကွဲပြီးနောက် သုံးရက်အကြာ၌ ဖြစ်သည်။ **(အင်တာနက်)**



**ဘာဆာရာမြို့တွင် ဗြိတိသျှ တပ်ဖွဲ့ဝင်များအား ပစ်ခတ် တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

## ဖမ်းဆီးထားသော ဗြိတိသျှအင်ဂျင်နီယာလွှတ်ပေးရန် မိသားစုကမေတ္တာရပ်ခံ

**လန်ဒန် စက်တင်ဘာ ၁၈**

အီရတ်၌ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော ဗြိတိသျှမြို့ပြအင်ဂျင်နီယာ၏ မိသားစုက ၎င်းအား ပြန်လွှတ်ပေးရန် သောကြာနေ့က မေတ္တာရပ်ခံလိုက်သည်။

**အတည်ပြုခဲ့**

အင်ဂျင်နီယာ ကင်းနက်ဘစ်ဂလီ ဘဂ္ဂဒက်ရှိ ၎င်း၏နေအိမ်မှနေ၍ အမေရိကန်နှစ်ဦးနှင့်အတူ ကြာသပတေးနေ့က ပြန်ပေးဆွဲခံရကြောင်း ဗြိတိသျှ နိုင်ငံခြားရေးရုံးက အတည်ပြုခဲ့သည်။

ပြန်ပေးဆွဲခြင်းခံရသည့် ကင်းကို ရှာတွေ့ဖို့အတွက် မိမိတို့စိတ်ချောက်ချားခဲ့ရကြောင်း၊ ဖြစ်ပျက်သည့်အခြေအနေကိုသိရန် မိမိတို့ကြိုးပမ်းနေဆဲဖြစ်ကြောင်း ဘစ်ဂလီ၏မိသားစုက ပြောကြားသည်။

ကင်း ဘာကြောင့်ပစ်မှတ်ဖြစ်ရသည်ကို နားမလည်ကြောင်း၊ သူ့အား လုံခြုံဘေးကင်းစွာ ပြန်လွှတ်ပေးရန်အတွက် မေတ္တာရပ်ခံပါကြောင်း မိသားစုက ပြောကြားသည်။

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ဘစ်ဂလီအား ရှာတွေ့ရန်အတွက် အစွမ်းကုန်ကြိုးပမ်းနေကြောင်း ပြောကြားထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

## စက်တင်ဘာ ၁၇ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၂၇ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ်၂၀ရက်ကစတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့အထိ အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၁၇ရက် သောကြာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၂၇ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၇၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၅၀မှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၅ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ ဦး၊ဘူဂေးရီးယား ရှစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟုဆိုသည်။သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်းကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၈၉ဦးဖြစ်ပြီး ယင်းအနက် ၆၆၈ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၁ ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## အမေရိကန်–တူရကီ ကုမ္ပဏီဝန်ထမ်း ၁၀ဦး ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ဖမ်းဆီးထား

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

**အမေရိကန်–တူရကီကုမ္ပဏီတစ်ခု၌ အလုပ်လုပ်သော ဓားစာခံ ၁၀ဦးကို ဖမ်းဆီးထားကြောင်း အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျား အုပ်စုတစ်စုက ပြောကြားထားသည့် ဗီဒီယိုတိပ်ခွေကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက စနေနေ့၌ ထုတ်လွှင့်ပြသခဲ့သည်။**

အဆိုပါကုမ္ပဏီ အီရတ်မှထွက်သွားရန် သုံးရက်အချိန် ပေးထားပြီး သို့မဟုတ်ပါက ဓားစာခံများအား သတ်ပစ်မည်ဟု ရာဇသံပေးထားကြောင်း ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

**မပြောကြား**

အဆိုပါ တိပ်ခွေကော်ပီကိုရရှိခဲ့ကြောင်း အယ်လ်ဂျာဇီရာက ပြောဆိုသော်လည်း မည်သို့ရရှိသည်ကို ပြောကြားခြင်းမပြုပေ။ ထိုကုမ္ပဏီမှာ အမေရိကန်–တူရကီကုမ္ပဏီဖြစ်သည်ဟု ပြန်ပေးဆွဲထားသည့် အုပ်စုကပြောသော်လည်း ကုမ္ပဏီအမည်ကို ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ထားသည်။ **(အင်တာနက်)**

## အီရတ်ရေနံပိုက်လိုင်းများ သိသိသာသာတိုးမြင့် တိုက်ခိုက်ခံနေရ

ဝါရှင်တန် စက်တင်ဘာ ၁၉

**အီရတ်ရေနံပိုက်လိုင်းများ မကြာမီသီတင်းပတ်များအတွင်း သိသိသာသာ တိုးမြင့်တိုက်ခိုက်ခံရမှုကြောင့် ရေနံထုတ်လုပ်မှု အနှောင့်အယှက် ဖြစ်ခဲ့ရပြီး အီရတ်နိုင်ငံ၏ စီးပွားရေးထိခိုက်ကာ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများ ခြိမ်းခြောက်ခံခဲ့ရသည်။**

ခုခံတိုက်ခိုက်ရေးသမားများသည် ရေနံပိုက်လိုင်းများနှင့် အခြားရေနံအခြေခံအဆောက်အအုံများကို နေ့စဉ်နီးပါး တိုက်ခိုက်လျက်ရှိခြင်းသည် အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ အီရတ်နိုင်ငံအား ထိန်းချုပ်ခဲ့ပြီးနောက်ပိုင်း နိုင်ငံ၏ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေသည့် လက္ခဏာပင်ဖြစ်သည်ဟုဆိုသည်။

ယင်းသို့ ရေနံပိုက်လိုင်းများကို တိုက်ခိုက်မှုကြောင့် နေ့စဉ်ပျမ်းမျှ ရေနံထုတ်လုပ်မှု စည်၁၀၀၀၀၀ နီးပါး လျော့ကျခဲ့ရာ ယခုနှစ်၌ ဒေါ်လာသန်း ၁၀၀၀မျှ အရှုံးပေါ်မည်ဟု သိရသည်။ တိုက်ခိုက်သည့် အရေအတွက်ကို တရားဝင်ထုတ်ပြန်ခြင်းမရှိသော်လည်း ပိုက်လိုင်းများနှင့် အခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုသည် အမေရိကန်တို့က ဇွန်လကုန်၌ အီရတ်တို့ကို အုပ်ချုပ်ရေး လွှဲပြောင်းမပေးမီ တစ်လလျှင် ပျမ်းမျှခြောက်ကြိမ်မျှရှိခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

**လုံခြုံရေးစောင့်ကြပ်**

**ဘဂ္ဂဒက်လေဆိပ်သို့ သွားသည့် လမ်းပေါ်ရှိ တံတားတစ်ခုအနီး ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေချိန်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)



## အီရန်တွင်ရောက်ရှိနေသော အီရတ်ဒုက္ခသည်များ ကုလသမဂ္ဂ၏အကူအညီဖြင့် နေရင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ဂျီနီဗာ စက်တင်ဘာ ၁၉

**ကုလသမဂ္ဂဒုက္ခသည်များ ကယ်ဆယ်ရေး အေဂျင်စီက အီရန်နိုင်ငံတွင်ရောက်ရှိနေသော အီရတ်ဒုက္ခသည်များအား နေရင်းနိုင်ငံသို့ပြန်ပို့သည့် အစီအစဉ်ကို ပြန်လည် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သောကြာနေ့က ပြောကြားသည်။**

အီရန်နိုင်ငံ အမ်မန်ဆာစခန်းတွင်ရှိနေသော အီရတ်ဒုက္ခသည် ၂၅၁ ဦးသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့သို့ ကြာသပတေးနေ့က ပြန်လည် ရောက်ရှိလာပြီဖြစ်ကြောင်း အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များအား ပြောကြားသည်။

**ရပ်ဆိုင်းထား**

အီရတ်နိုင်ငံလုံခြုံရေး အခြေအနေကြောင့် အီရတ်အစိုးရက မေတ္တာရပ်ခံသဖြင့် ဩဂုတ် ၁၂ ရက်တွင် ဒုက္ခသည်များကို ပြန်ပို့ပေးခြင်းကို ရပ်ဆိုင်းထားခဲ့သည်။ ယခုရောက်ရှိလာခြင်းသည် တစ်လကျော်ကြာပြီးနောက် ပထမဆုံး အကြိမ်အဖြစ် ပြန်ပို့ပေးခြင်းဖြစ်သည်။

**ပြန်လည်ပို့ဆောင်**

အီရတ်ဒုက္ခသည် ၁၄၀၀၀တို့အား ကုလသမဂ္ဂ၏အကူအညီဖြင့် အီရန်၊ ဆော်ဒီအာရေဗျနှင့် လက်ဘနွန်နိုင်ငံများမှ အီရတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည်။ ၎င်းတို့အနက် ၉၀၀၀ အား အီရန်နိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ ပိုမိုကောင်းမွန်စေရန် အင်ဒိုနီးရှားဆောင်ရွက်မည်

ဂျကာတာ စက်တင်ဘာ ၁၉

**အင်ဒိုနီးရှားနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ပိုမိုကောင်းမွန်စေရန် မူကြမ်းရေးဆွဲနေကြောင်း အင်ဒိုနီရှားတရားရေးဝန်ကြီး ယူဆရေးလ်အီရာမာဟင်ဒရာက သောကြာနေ့က ပြောကြားလိုက်သည်။**

ယင်းကဲ့သို့ ဆောင်ရွက်မှုသည် လက်ရှိ ဥပဒေကို အထောက်အကူ ပိုမိုဖြစ်ရန် ရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။ မိမိတို့၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေများသည် အကြမ်းဖက်မှု ပြဿနာအားလုံးကို ဖြေရှင်းရန် လုံလောက်မှုမရှိကြောင်း၊ ယင်းဥပဒေနှင့် ၎င်းတို့ကို ဘယ်လိုမှ ပိုကောင်းအောင် မလုပ်နိုင်ခဲ့ကြောင်း၊ ယင်းအချက်များသည် အားနည်းချက်များပင်ဖြစ်ကြောင်း မာဟင်ဒရာက သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဆင်ခြေဖုံး ရပ်ကွက်ရှိ ခမ်းတပ်ခ်မာယို အထက်တန်းကျောင်း၌ အင်တာနက်ကို ကျောင်းသူ ကျောင်းသားများ ကျွမ်းကျင်စွာ အသုံးပြုနေကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## တရုတ်အစားအစာလုပ်ငန်း ၂၀ရာခိုင်နှုန်းတိုးတက်

ပေကျင်း စက်တင်ဘာ ၁၉

**တရုတ်အစားအစာလုပ်ငန်းသည် နှစ်ချင်းအလိုက် တိုးတက်မှုရာခိုင်နှုန်းသည် ၂၀ရာခိုင်နှုန်းကျော် တိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်နှင့်အတူ လုပ်ဆောင်နေကြောင်း တရုတ်အစားအစာလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဝမ်ဗုမ်ဟီက အစားအစာ လုံခြုံမှုဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး၌ စနေနေ့က ပြောကြားသည်။**

တရုတ်အစားအစာလုပ်ငန်း၏ ရောင်းချရမှုသည် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယွမ် ၈၃၈၉သမ ၃ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၀၃သမ ၁ဘီလီယံ)သို့ ရောက်ရှိခဲ့ကြောင်း၊ ယခင်နှစ်အလားတူ ကာလကထက် ၂၈ ဒသမ ၃၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဝမ်က ပြောကြားသည်။

ကမ္ဘာ့စီးပွားရေးဝန်းကျင်သည် ယခုနှစ်တွင် ပြန်လည်ကောင်းမွန်လာမှုသည် တရုတ်အစားအစာလုပ်ငန်းတိုးတက်မှုနှင့် ပါဝင်သက်ဆိုင်လိမ့်မည်ဖြစ်ကြောင်း ဝမ်၏ ပြောဆိုချက်အရ သိရသည်။

ယခုနှစ်အစည်းအဝေးသည် အစားအစာလုံခြုံမှုရှိစေရန် အစီအမံများချမှတ်ရေး၊ နိုင်ငံတကာဆိုင်ရာ နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အစားအစာလုပ်ငန်း ၂၀၀ကျော်ကို ယင်းတို့၏ ထုတ်ကုန်များ လုံခြုံမှုရှိစေရန် ကတိပြုရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားမှုဆိုင်ရာ အစည်းအဝေး လာမည့်သီတင်းပတ်တွင် စင်ကာပူ၌ ကျင်းပမည်

စင်ကာပူ စက်တင်ဘာ ၁၉

**စင်ကာပူနိုင်ငံတွင် လာမည့် သီတင်းပတ်တွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားမှု ဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားမှုတုံ့ပြန်ရေးတစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်ရန် ရည်ရွယ်၍ ဒဗလျူအိတ်ချ်အို၏ အခန်းကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။**

ယင်းကဲ့သို့ တိုင်ပင်ဆွေးနွေးမှုများသည် ပထမဆုံး အကြိမ်အဖြစ် စက်တင်ဘာ ၂၁ ရက်နေ့မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲသို့ ဒဗလျူအိတ်ချ်အိုဒေသဆိုင်ရာအားလုံးမှ ရောဂါပျံ့နှံ့မှုဆိုင်ရာ ကျွမ်းကျင်သူများတက်ရောက်ကြမည်ဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးသို့ အဓိက ကျန်းမာရေးဌာနများမှ ကျွမ်းကျင်သူများနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး ကွန်ရက်မှ ကျွမ်းကျင်သူများ တက်ရောက် ဆွေးနွေးကြမည်ဖြစ်ကြောင်း စင်ကာပူကျန်းမာရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနများက ပူးတွဲကြေညာချက်တစ်ရပ် သောကြာနေ့က ထုတ်ပြန်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## အိန္ဒိယပြည်တွင်းဖြစ် ဒုံးပျံယာဉ်ဖြင့် အင်ဒိုနီးရှားလုပ် ဂြိုဟ်တုလွှတ်တင်မည်

**နယူးဒေလီ စက်တင်ဘာ ၁၈**

အိန္ဒိယနိုင်ငံသည် ၂၀၀၆ခုနှစ် အစောပိုင်းကာလထက် နောက်မကျဘဲ ပြည်တွင်း၌ တည်ဆောက်သော ဒုံးပျံယာဉ်ဖြင့် အင်ဒိုနီးရှားလုပ် မိုက္ကရိုဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန် စီစဉ်ထားကြောင်း အင်ဒိုနီးရှား သတင်းဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ အာကာသရေးရာဌာန၏ ဌာနခွဲတစ်ရပ်ဖြစ်သော အင်းထရစ်ကော်ပိုရေးရှင်းနှင့် အင်ဒိုနီးရှား အမျိုးသားလေကြောင်းနှင့် အာကာသသိပ္ပံတို့က လက်မှတ်ရေးထိုးလိုက်သည့် ကန်ထရိုက် စာချုပ်တစ်ရပ်အရ လာပန်တူဘာဆတ်ဟု အမည်ပေးထားသော ကီလို၅၀အလေးချိန်ရှိ ဂြိုဟ်တုတစ်လုံးကို ဂြိုဟ်တုလွှတ်တင်ရေး ဒုံးပျံယာဉ်ဖြင့် စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

မိုက္ကရိုဂြိုဟ်တုများ လွှတ်တင်ရန် အိန္ဒိယအာကာသသုတေသနအဖွဲ့၏ ယှဉ်ပြိုင်ဘက်အဖွဲ့အစည်းများက ကမ်းလှမ်းသည့်ဈေးနှုန်းထက် ပိုမိုချိုသာသောနှုန်းဖြင့် အင်းထရစ်ကော်ပိုရေးရှင်းက လွှတ်တင်ပေးမည်ဖြစ်ကြောင်း နယူးဒေလီတွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် သတင်း၌ ဖော်ပြထားသည်။

**အင်အင်အေ၊ဆင်ဟွာ**

## တရုတ်လူငယ်အဖွဲ့ ရုရှားနိုင်ငံသို့ထွက်ခွာ

**ပေကျင်း စက်တင်ဘာ ၁၉**

တရုတ်လူငယ် ကိုယ်စားလှယ်အဖွဲ့ဝင် တစ်ရာခန့်သည် စနေနေ့က ရုရှားနိုင်ငံသို့ သီတင်းတစ်ပတ်ကြာ လည်ပတ်ရန် ပေကျင်းမြို့မှ ထွက်ခွာသွားကြသည်။

### အများဆုံး

တရုတ်နှင့် ရုရှားလူငယ်များအကြား လွန်ခဲ့သောနှစ်များက အပြန်အလှန်နားလည်မှု တိုးပွားစေရန် ရည်ရွယ်၍ အပြန်အလှန်လည်ပတ်မှုသည် အများဆုံးဖြစ်ကြောင်း တရုတ်လူငယ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဟူဝက်က ပြောကြားသည်။

### ဆက်ဆံရေးနှစ်

အဆိုပါ သွားရောက်လည်ပတ်မှုသည် ရုရှားနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၅၅)နှစ်မြောက် အမှတ်တရလည်း ဖြစ်ပြီး တရုတ်-ရုရှား လူငယ်ဆက်ဆံရေးနှစ်လည်းဖြစ်သည်။

သွားရောက်ကြမည့် ကိုယ်စားလှယ်အဖွဲ့ဝင်များတွင် စီးပွားရေးသမားများ၊ အားကစားသမားများ၊ သရုပ်ဆောင်များ၊ ကျောင်းသားများနှင့်ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များလည်း ပါဝင်ကြသည်။

### လာရောက်မည်

ရုရှားလူငယ် ၁၀၀ခန့်သည် တရုတ်လူငယ်အဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ အောက်တိုဘာလလယ်တွင် တရုတ်နိုင်ငံသို့ လာရောက် လည်ပတ်ကြမည်ဖြစ်သည်။

**အင်အင်အေ၊ဆင်ဟွာ**

## ပြောကြား

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌(၁၃)ကြိမ်မြောက် အရှေ့မြောက်အာရှစီးပွားရေး ဖိုရမ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ကျင်းပရာ တောင်ကိုရီးယားဝန်ကြီးချုပ် လီဟေချန်း အမှာစကားပြောကြားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မလေးရှားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်

ကွာလာလမ်ပူ စက်တင်ဘာ ၁၈

**မလေးရှားနိုင်ငံမြောက်ပိုင်း ကီလန်တန်ပြည်နယ်ရှိ ဒေသလေးခုတွင် ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါသည် လွန်ခဲ့သည့်သုံးရက်၌ ဖြစ်ပွားခဲ့ခြင်းမရှိခဲ့ရာ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း တိရစ္ဆာန်ဆေးကုသရေးအရာရှိတစ်ဦးက သောကြာနေ့၌ ပြောကြားသည်။**

အခြေအနေကို ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်း ကမ်ပွန်ကူချီလွန်၊ ဘာချော့ခ်ခရိုင် ကမ်ပွန်လော့ဆန်ဂေပီနန်၊ တမ်ပက်ခရိုင်တို့တွင် ကြက်ငှက်တုပ်ကွေး နောက်ထပ် ဖြစ်ပွားခြင်း မရှိကြောင်း ၎င်းအရာရှိက ပြောကြားသည်။

ရောဂါဖြစ်ပွားရာ ကျေးရွာရစ်ရွာတွင် တိရစ္ဆာန်ဆေးကုသရေးဌာနက ကြက်ငှက်များကို ရှင်းလင်းသုတ်သင်ခဲ့ရာ အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း ကီလန်တန် တိရစ္ဆာန်ဆေးကုသရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အိုင်ဒရစ်ကာ ဒီယာက သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**




## တရုတ်နိုင်ငံဟေလုံကျင်ပြည်နယ်မှ သိပ္ပံပညာရှင်များ ဆေးဘက်ဆိုင်ရာ စက်ရုပ်နှစ်ရုပ်တီထွင်ထုတ်လုပ်

**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံအရှေ့မြောက်ဘက်ရှိ ဟေလုံကျင်ပြည်နယ်မှ သိပ္ပံပညာရှင်များသည် အရိုးတပ်ဆင်ရာ၌လည်းကောင်း၊ ခွဲစိတ်ရာ၌လည်းကောင်း၊ ဆေးသုတေသနပြုလုပ်ရာ၌လည်းကောင်း အကူအညီပေးနိုင်သည့် စက်ရုပ်အမျိုးအစားနှစ်မျိုးကို တီထွင်ထုတ်လုပ်ထားကြောင်း လူထုဆက်သွယ်ရေးက သောကြာနေ့၌ သတင်းဖော်ပြသည်။

ယနေ့အချိန်အခါတွင် အရိုးခွဲစိတ်တပ်ဆင်ရာ၌ အထောက်အကူပေးနိုင်သော စက်ရုပ်စနစ်ကို တီထွင်ထုတ်လုပ်ခဲ့ရာတွင် အောင်မြင်မှုရခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စက်ရုပ်များကို ဟာဘင်သိပ္ပံနှင့် နည်းပညာအဆင့်မြင့်တက္ကသိုလ်က တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ပေကျင်းရှိ လေယာဉ်တည်ဆောက်ခြင်းနှင့် ပျံသန်းမှု လေ့လာရေးသိပ္ပံနှင့်အာကာသယာဉ်မှူးများဆိုင်ရာဌာနက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ပီတီအိုင်**

# အီရတ်နိုင်ငံတွင် အခြေအနေဖရိုဖရဲဖြစ်လာနိုင်ကြောင်း စစ်ပွဲမတိုင်မီ တစ်နှစ်အလို၌ ဘလဲအား ဗြိတိသျှအရာရှိများ သတိပေးခဲ့ဟုဆို

လန်ဒန် စက်တင်ဘာ ၁၉

**ဆက်ဒမ်ဟူစိန်အား ဖယ်ရှားပြီးနောက်ပိုင်း အီရတ်နိုင်ငံတွင် အခြေအနေ ဖရိုဖရဲဖြစ်လာနိုင်စရာရှိကြောင်း အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ခြင်းမပြုမီ တစ်နှစ်အလို၌ ဝန်ကြီးချုပ်တိုနီဘလဲအား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများက သတိပေးခဲ့ကြောင်း ဒေးလီတယ်လီဂရပ်ဖ်သတင်းစာက စနေနေ့၌ ရေးသားဖော်ပြလိုက်သည်။**



**ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦးအား ဆေးကုသမှုခံယူရန် ခေါ်ဆောင်လာသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားပြီးသည့်နောက်ပိုင်း ဖြစ်လာနိုင်သည့် အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ပြင်ဆင်မထားကြောင်း ၂၀၀၂ ခုနှစ် မတ်လ၌ နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ဝန်ကြီးချုပ်ဘလဲထံ စာရေးသားပေးပို့ခဲ့သည်။

သတင်းစာဖော်ပြချက်ကို နိုင်ငံခြားရေးရုံးက မငြင်းသော်လည်း အီရတ်နိုင်ငံသည် အနာဂတ် ဒီမိုကရေစီသို့ ပထမဆုံးအကြိမ် ရွေ့ရှုလှုပ်ရှားနေကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**ထိခိုက်**

အကယ်၍ သတင်းစာဖော်ပြချက် ခိုင်မာမည်ဆိုလျှင် ၂၀၀၅ခုနှစ်၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် ဘလဲအဖို့ ထိခိုက်နိုင်သည်ဟု ဆိုသည်။ ထို့ပြင် ၂၀၀၃ခုနှစ် မတ်လ၌ အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ဆင်နွှဲခဲ့သည့် စစ်ပွဲတွင် ဘလဲ၏အစိုးရ ပူးပေါင်းပါဝင်ခဲ့သော အတိမ်အနက်ကိုလည်း သိသာထင်ရှားစေမည်ဖြစ်သည်။

အီရတ်စစ်ပွဲ၌ ဘလဲပါဝင်ခဲ့မှုကို ထောက်ခံခဲ့သည့် အတိုက်အခံ ကွန်ဆာဗေးတစ်များက နောက်ပိုင်း၌ ၎င်းတို့၏ထောက်ခံမှုသည် ဘလဲ၏ လုံခြုံရေးတပ်ဖွဲ့များကပေးသော အလိမ်အညာ ထောက်လှမ်းရေးသတင်းများအပေါ် အခြေခံပြီး ထောက်ခံခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

## ကုလဆိုင်ရာ အီရတ်နိုင်ငံ၏ပထမဆုံးသံအမတ် ၎င်း၏ခန့်အပ်လွှာကို တရားဝင်ပေးအပ်

**ကုလသမဂ္ဂ စက်တင်ဘာ ၁၉**

အီရတ် နိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ ပထမဆုံး သံအမတ်အဖြစ် ခန့်အပ်ခံရသော ဆာမီယာဆူမေဒီသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို သောကြာနေ့က တရားဝင်ပေးအပ်လိုက်သည်။

သို့ရာတွင် ကုလသမဂ္ဂသို့ အီရတ်ကပေးဆပ်ရန်ရှိသော ကြွေးမြီ ဒေါ်လာ၁၄ဒသမ ၅သန်း မဆပ်မချင်း မဲပေးနိုင်မည်မဟုတ်ဟုသိရသည်။

ထိုသို့သံအမတ်ခန့်အပ်လွှာ ပေးအပ်ရာ၌ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြိုဆိုကြောင်း၊ ပူးပေါင်း ဆောင်ရွက်နိုင်ကြောင်း အီရတ်သံတမန်ဆာမီယာ ဆူမေဒီအား နှုတ်ခွန်းဆက်ပြောဆိုသည်။ ကုလသမဂ္ဂဆိုင်ရာ အီရတ်နိုင်ငံ၏ ပထမဆုံး ကိုယ်စားလှယ် ဖြစ်ရသည်ကို မိမိအထူးပင် ကျေနပ်မှုဖြစ်ရကြောင်း ဆူမေဒီက ပြောဆိုသည်။ ပြီးခဲ့သည့်နှစ်တွင် ဆက်ဒမ်ဟူစိန်အား ဖယ်ရှားခဲ့သည့်အချိန်မှ စပြီး ကုလသမဂ္ဂ ဆိုင်ရာ အီရတ်သံအမတ်မရှိဘဲ ဖြစ်ခဲ့သည်။

လွန်ခဲ့သည့် ဇွန်လနှောင်းပိုင်း၌ အချုပ်အခြာ အာဏာပိုင်သော ကြားဖြတ်အစိုးရ အီရတ်၌ ဖွဲ့စည်းခဲ့သော်လည်း ကုလသမဂ္ဂသို့ အီရတ်ကပေးရန်ရှိသော ကြွေး ဒေါ်လာ ၁၄ ဒသမ ၅ သန်းထက်မနည်း မပေးဆပ်မချင်း အထွေထွေညီလာခံ၌ အီရတ်နိုင်ငံ မဲဆန္ဒ ပြန်ပေးခွင့်ရှိမည်မဟုတ်ဟု ကိုဖီအာနန်၏ အစီရင်ခံစာ၌ ဖော်ပြထားကြောင်း ရိုက်တာက သတင်းဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

## ဘုရှ်အစိုးရ မျက်နှာလိုက်ပြီး ကန်ထရိုက်လုပ်ငန်းကြီးများကိုပေးခဲ့ ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီ ဝေဖန်ပြောကြား

**အယ်လ်ဘူကာကျူ စက်တင်ဘာ ၁၉**

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အစိုးရသည် နိုင်ငံရေး အဆက်အသွယ်ရှိသောကုမ္ပဏီများကို ကာကွယ်ရေးကန်ထရိုက်လုပ်ငန်းကြီးများ မျက်နှာလိုက်ပြီးပေးခဲ့ကြောင်း ဒီမိုကရက်တစ်သမ္မတ ဂျွန်ကယ်ရီက ဝေဖန်ပြောကြားသည်။

**ပေးဆောင်ရ**

ဘုရှ်အစိုးရသည် ဟာလီဘာတန်နှင့် လူ့ဒါန်းငွေ များများထည့်ဝင်သောသူများကဲ့သို့ ရင်းနှီးသူများကို အခွင့်အရေးပေးကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက စွပ်စွဲလိုက်သည်။ ယင်းကြောင့် အခွန်ထမ်းဆောင်သူများ ဒေါ်လာဘီလီယံ များစွာပေးဆောင်နေရသည်ဟု ဆိုသည်။

**အလွဲသုံးစား**

ယင်းလုပ်ဆောင်ချက်သည် အခွန်ထမ်းဆောင်သူ အမေရိကန်နိုင်ငံသားများအပေါ် မတရားလုပ်ဆောင်ချက်ဖြစ်ကြောင်း၊ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခြင်းပင်ဖြစ်ကြောင်း၊ မက္ကဆီကို၌ မဲဆွယ်စည်းရုံးပွဲပြုလုပ်ရာတွင် ကယ်ရီက ဘုရှ်အား တိုက်ခိုက်ပြောကြားခဲ့သည်။

အီရတ်စစ်ပွဲ၏ သွင်ပြင်လက္ခဏာတိုင်းသည် တလွဲတချော် စီမံခန့်ခွဲမှုဖြစ်သည်ဆိုသည်မှာ အထင်အရှားဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ယှဉ်ပြိုင်ခြင်းမရှိဘဲ ကန်ထရိုက်လုပ်ငန်းကြီးများကို ဒုတိယသမ္မတ ဒစ်ချေနီ၏ကုမ္ပဏီအား ပေးခဲ့ခြင်းနှင့် သက်ဆိုင်သော မေးခွန်းပေါင်းများစွာသည် ဘုရှ်အစိုးရအား နောက်မှ ထက်ကြပ်မကွာလိုက်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

## ဂျော်ဒန်တားစာခံ ပြန်လည်လွတ်မြောက်လာ

**အမ္မန် စက်တင်ဘာ ၁၈**

အီရတ်နိုင်ငံတွင် ပြန်ပေးသမားတို့ နှစ်ရက်ကြာ ဖမ်းဆီးခဲ့ပြီးနောက် ပြန်လွှတ်ပေးလိုက်သော တာကီခါလီဖာ အယ်လ်ဘရီဇာတစ်(စ်)သည် အမ္မန်သို့ ပြန်ရောက်လာခဲ့ကြောင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့၌ ပြောကြားသည်။

**ပြောကြား**

မိမိလွတ်မြောက်ရေးအတွက် အကူအညီပေးသော ဂျော်ဒန်အစိုးရနှင့် အီရတ်ဘက်မှ သက်ဆိုင်သူများအား ကျေးဇူးတင်ရှိကြောင်း ဘရီဇာတစ်(စ်)ကပြောကြောင်းဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။

၎င်း၏အလုပ်ရှင် အဘူရှီးပို့ဆောင်ရေးကုမ္ပဏီက အီရတ်တွင် လုပ်ငန်းများရပ်ဆိုင်းကြောင်း ကြေညာခဲ့ပြီး တစ်ရက်အကြာ ကြာသပတေးနေ့၌ ၎င်းအားလွှတ်ပေးလိုက်ခြင်းဖြစ်သည်။ အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုသည် ဘရီဇာတစ်(စ်)အား အင်္ဂါနေ့၌ ပြန်ပေးဆွဲသွားခဲ့ပြီး အမေရိကန်စစ်ဘက်သို့ လောင်စာဆီများပို့ပေးနေသော ၎င်း၏ကုမ္ပဏီအား အီရတ်မှ ထွက်သွားရန် ၄၈ နာရီအချိန်ပေးထားသည်။ သို့မဟုတ်ပါက သတ်ပစ်မည်ဟုပြောဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**ဆေးကုသမှုခံယူ**

**ကယ်ကွတ်မြို့တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးဆေးရုံ၌ ဆေးကုသမှု ခံယူနေရသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## အီရတ်စစ်ပွဲကို မလေးရှား ဆန့်ကျင်ကန့်ကွက်ခဲ့မှု ကုလအတွင်းရေးမှူးချုပ် လက်ခံကြောင်း မလေးရှားနိုင်ငံခြားရေး ဝန်ကြီးပြောကြား

ကွာလာလမ်ပူ စက်တင်ဘာ ၁၉

**အမေရိကန်နှင့် အပေါင်းပါများ အီရတ်ကို စစ်ရေးအရတိုက်ခိုက်မှုအပေါ် မလေးရှားနိုင်ငံက ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က လက်ခံကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆီယက်ဒ်ဟာမစ် အယ်လ်ဘာက စနေနေ့၌ ပြောကြားသည်။**

**ချိုးဖောက်**

**အီရတ်အပေါ် စစ်ရေးအရ အရေးယူခြင်းသည် နိုင်ငံတကာဆိုင်ရာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ အစကနဦးကပင် မလေးရှားနိုင်ငံက ပြောထားခဲ့ကြောင်း သတင်းထောက်များအား ဝန်ကြီးက ကွာလာလမ်ပူ၌ ပြောကြားသည်။**

**ဖော်ညွှန်း**

**ကိုဖီအာနန်အား ဘီဘီစီက ဗုဒ္ဓဟူးနေ့၌ တွေ့ဆုံမေးမြန်းခဲ့ရာ၌ အီရတ်စစ်ပွဲသည် မိမိတို့ ရှုမြင်သုံးသပ်ချက်မှကြည့်လျှင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ကိုက်ညီမှုမရှိဘဲ ပဋိညာဉ်စာတမ်းဘက်မှကြည့်လျှင် တရားဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း မိမိဖော်ညွှန်းခဲ့ကြောင်း ကိုဖီအာနန်က ပြောကြားသည်။**

**ကိုဖီအာနန်၏ ကြေညာချက်ထွက်ပေါ်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ယင်း၏အပေါင်းပါနိုင်ငံများသည် အီရတ်ပြည်သူတို့ ၎င်းတို့၏အနာဂတ်ကို ဆုံးဖြတ်နိုင်စွမ်းရှိရန်အတွက် အီရတ်မှ အမြန်ဆုံးရုပ်သိမ်းပေးသင့်ကြောင်း ဆီယက်ဒ်ဟာမစ်က ပြောကြားသည်။**

**အီရတ်မှနေ၍ နိုင်ငံခြားတပ်ဖွဲ့များ အမြန်ရုပ်သိမ်းခြင်းသည်သာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမပြုသော၊ တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် စစ်ပွဲနှင့်ပတ်သက်သည့် အချေအတင်ဆွေးနွေးပွဲထက်ပိုကောင်းမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပြန်ရရန်အတွက် လက်တွေ့ကျသော အကောင်းဆုံးနိယာမ သဘောတရားကို ဖော်ထုတ်နိုင်ရန် အီရတ်ရှိ အုပ်စုများအားလုံး စေ့စပ်ဆွေးနွေးရေးစားပွဲသို့ ပြန်လာကြဖို့ ၎င်းကတိုက်တွန်းထားသည်။** အမ်အင်အေ၊ဆင်ဟွာ





ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာဆန္ဒ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ မော်တော်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

# နိုင်ငံအကျိုးပြု စီအင်န်ဂျီသုံး ထရပ်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များထုတ်လုပ် နိုင်ငံတော်ကလုပ်ငန်းရှင်များ၏လိုအပ်ချက်များ မူဘောင်အတွင်းမှကူညီသွားမည် ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထွက်ကုန်လုံလုံလောက်လောက် ထုတ်လုပ်ဖြန့်ဖြူး

ရန်ကုန် စက်တင်ဘာ ၂၀

**ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရွှေပြည်သာစက်မှုမြို့ရှိ စက်ရုံများ၏ ပြည်ပသွင်းကုန်အစားထိုး ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၁၂နာရီခွဲတွင် ရွှေပြည်သာစက်မှုမြို့ရှိ မြန်မာဆန္ဒ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အလုပ်ရုံဖြစ်သည့် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံသို့ ရောက်ရှိကြသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အလုပ်ရုံညွှန့်ခန်းမ၌ မြန်မာဆန္ဒ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်ဇော်က အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထုတ်လုပ်မည့် ထရပ်ကားနှင့် ဘတ်စ်ကားနမူနာပုံစံနှင့် လုပ်ငန်းစဉ်များ၊ ဆက်လက်ထုတ်လုပ်သွားမည့် မော်တော်ယာဉ်များ ထုတ်လုပ်ရေးတွင် အသုံးပြုမည့် စက်ကိရိယာများနှင့် ပတ်သက်၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

## ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အသင်းအနေဖြင့် နိုင်ငံတော်ကို အကျိုးပြုစေမည့် CNGသုံးထရပ်(Truck)ယာဉ်များ၊ ခရီးသည်တင်ဘတ်စ်ကားများထုတ်လုပ်ရေး၊ မော်တော်ကားကို CNG နှင့်ဓာတ်ဆီတို့ဖြင့်တွဲဖက်သုံးစွဲမောင်းနှင်နိုင်အောင် ပြုပြင်တပ်ဆင်ပေးနိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မော်တော်ယာဉ်အလုပ်ရုံမှ ထုတ်လုပ်နေသည့်ကားဘော်ဒီတစ်ခုလုံး၏ Assembly Part နှင့် Frame များထုတ်လုပ်ထားရှိမှုကိုလည်းကောင်း၊ Engine နှင့်ကားအောက်ပိုင်း Suspension ပစ္စည်းထုတ်လုပ်တပ်ဆင်ထားရှိမှုတို့ကိုလည်းကောင်း၊ Lite Truck(၁ဒသမ၅)တန် CNG 3V မော်တော်ယာဉ်တည်ဆောက်နေမှုနှင့် Lite Truck မော်တော်ယာဉ်သုံး CNG ဓာတ်ငွေ့အိုးတို့ကိုလည်းကောင်း ကြည့်ရှုသည်။

## ဖြန့်ဖြူးရောင်းချမှုတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့သည် ရွှေပြည်သာစက်မှုမြို့ စီမံကိန်းမန်နေဂျာ ဦးသိန်းဆွေနှင့် ရွှေပြည်သာစက်မှုမြို့စီမံခန့်ခွဲရေးကော်မတီဝင်များလိုက်ပါလျက် ရွှေပြည်သာစက်မှုမြို့ အပိုင်း(၃) မင်းကြီးမဟာမင်းခေါင်လမ်းရှိ Super Five Manufacturing Co., Ltd. ၏ MB ဘီစကွတ်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်သော MB˚ဘီစကွတ်နမူနာများကို ကြည့်ရှုအားပေးရာ မန်နေဂျင်းဒါရိုက်တာဦးကြည်မြင့်က MB˚ ဘီစကွတ် မုန့်အမျိုးမျိုးနှင့် ပြည်တွင်းဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

## ပံ့ပိုးကူညီမည်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် MB˚ဘီစကွတ်မုန့်များထုတ်လုပ်မှုအဆင့်ဆင့် ထုပ်ပိုးမှုလုပ်ငန်းများ၊ ပုံစံခွက်ဖြင့် မုန့်ရိုက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကာ လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမီ စားသောက်ကုန်များကို တိုးမြှင့်ထုတ်လုပ်သွားရေး၊ ဂျုံအစားပြောင်းကုန်ကြမ်းဖြင့် အဆင့်မီ အရည်အသွေးမီ မုန့်မျိုးစုံထုတ်လုပ်ရေး၊ ထုပ်ပိုးမှုပုံစံကိုလည်း နိုင်ငံခြားမုန့်များ၏ထုပ်ပိုးမှုပုံစံများနှင့် မတူစေရန် ပြောင်းလဲတီထွင်ထုတ်လုပ်ရေး၊ ပြည်ပသို့ ဈေးကွက်ချဲ့ထွင်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်ရေး၊ လုပ်ငန်းသုတေသနအဖွဲ့များဖြင့် စနစ်တကျ သုတေသနပြု၍ နိုင်ငံခြားထက် အရသာ အရည်အသွေးထူးခြားသောမုန့်များ ထုတ်လုပ်သွားရေးတို့ကို မှာကြားပြီး နိုင်ငံတော်အပိုင်းမှလည်း မူဘောင်စည်းမျဉ်းစည်းကမ်းများအတွင်းမှ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့သည် Myanmar Lighting Manufacturing Co., Ltd. ၏ Super Lampမီးချောင်းစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်သော Super Lampအမျိုးအစား ဝပ်၂၀ နှင့် ဝပ် ၄၀ ရှိ နှစ်ပေမီးချောင်းနှင့် လေးပေမီးချောင်း နမူနာများ၊ Setronic မီးချောင်းများ၊ Cyclone တံဆိပ် လျှပ်စစ်ပန်ကာများကို ကြည့်ရှုအားပေးရာ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဝမ်းက လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေပြည်သာစက်မှုမြို့ ဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်တွင် စက်မှုလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားနှင့် လျှပ်စစ်မီးသုံးစွဲမှုတို့သည်လည်း တိုးတက်မြင့်မားလျက်ရှိကြောင်း၊ Super Lamp စက်ရုံအနေဖြင့် လျှပ်စစ်မီးဆိုင်ရာ ပစ္စည်းအမယ်အားလုံး ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်အောင် တိုးမြှင့်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြည်ပမှ သွင်းကုန်ပစ္စည်းများနေရာတွင် ပြည်တွင်းထွက်ကုန်ပစ္စည်းများဖြင့် လုံလုံလောက်လောက် အစားထိုးအသုံးပြုနိုင်ရန်နှင့် ဖြန့်ဖြူးသွားကြရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ပါ အရည်အသွေးမီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်သည်အထိ ကြိုးပမ်းတီထွင် ထုတ်လုပ်သွားကြစေလိုကြောင်း။

တစ်ဖက်ကလည်း ကုန်ပစ္စည်းများကို အဆက်မပြတ် ထုတ်လုပ်နေရင်း မိမိကုန်ပစ္စည်းများ၏ အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန် စက်ရုံအတွင်း၌ သုတေသနအဖွဲ့ ဖွဲ့စည်းထားရှိပြီး သုတေသနပြုကာ လိုအပ်သည့် ပြုပြင်ဆောင်ရွက်ခြင်းများကို ပြုလုပ်သွားရေး မှာကြားသည်။

## စတင်ထုတ်လုပ်

Super Lampမီးချောင်းစက်ရုံကို ၂၀၀၀ပြည့်နှစ် အောက်တိုဘာလမှ စတင်၍ ပြည်ပမှ စက်ပစ္စည်းကိရိယာများကို ဝယ်ယူတင်သွင်းခဲ့ပြီး ကျွမ်းကျင်သော ပညာရှင်များ၏ အကူအညီဖြင့် မြန်မာနိုင်ငံသား စက်မှုပညာရှင်များက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နိုင်ငံသားပိုင် လျှပ်စစ်မီးချောင်းစက်ရုံ၏ စမ်းသပ်ထုတ်လုပ်သည့်အဆင့်ကို ၂၀၀၁ ခုနှစ် မတ်လတွင် စတင်လည်ပတ်ထုတ်လုပ်နိုင်ခဲ့ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့သည် ရွှေပြည်သာစက်မှုဇုန်(၃)ရှိFair Sun Industrial Co.,Ltd.၏ မော်တော်ယာဉ်အပိုပစ္စည်း ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံ ဦးခင်ဇော်က စက်ရုံမှ ထုတ်လုပ်သော ကားအပိုပစ္စည်းနမူနာများ၊ ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊နည်းပညာတက္ကသိုလ်များနှင့် ပူးပေါင်းကာ ဆောင်ရွက်နေမှု၊ မော်တော်ယာဉ် အပိုပစ္စည်းများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မော်တော်ယာဉ်အပိုပစ္စည်းများကို ပြည်ပမှ တင်သွင်းစရာမလိုဘဲ ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် Fair Sun Industrial Co.,Ltd. ၏ မော်တော်ယာဉ်အလုပ်ရုံမှ ထုတ်လုပ်ထားသော Tool and Cutter, Cover Gear Shift, Oil Pump, Cam Gear, Water Pump Housing, Bracket Injection, Shock Absorber Housing, Arm Tie Rod နမူနာပစ္စည်းများကိုလည်းကောင်း၊ မော်တော်ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ မော်တော်ယာဉ်အပိုပစ္စည်းများထုတ်လုပ်သည့် စက်ကိရိယာများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုမှာကြားကာ မွန်းလွဲ ၂နာရီခွဲတွင် ရွှေပြည်သာစက်မှုမြို့မှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၀၄ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (က)အုပ်စု(ရတခ)ဇုန် မော်လမြိုင်မြို့၌ကျင်းပသော ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု(နတခ)ဇုန် ပုသိမ်မြို့၌ကျင်းပသောပြိုင်ပွဲတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု (နမခ)ဇုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု (လပခ)ဇုန် မန္တလေးမြို့၌ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(ရေ) အသင်းက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု (တပခ)ဇုန် တောင်ငူမြို့၌ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ဂုဏ်ပြုဆုချီးမြှင့်

**စက်တင်ဘာ ၁၈ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ၁၉၉၂-၂၀၀၃ခုနှစ်အထိ ၁၂နှစ်ဆက်တိုက် ခွင့်ရက်ပျက်မရှိသူ အလယ်တန်းပြဆရာမ ဒေါ်မာလာမြင့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာအောင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၄၂၁)



# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၅-၂၀၀၉ မဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ Strategic Planning Workshop for MMCWA (2005-2009) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

## တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် International Planned Parenthood Federation IPPF မှ စီမံကိန်း မန်နေဂျာတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဆွေးနွေးတင်ပြ

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင် ညွှန်ကြားရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ IPPF မှ တာဝန်ရှိသူတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြ၍ တွေ့ရှိချက်၊ သုံးသပ်ချက်၊ ဆန်းစစ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ၊ မဟာဗျူဟာရေးဆွဲရေးနှင့် စပ်လျဉ်းသည့် ပြင်ဆင်မှုများကို ဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ရက်ထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

---

**✳ ရှေ့ဖုံးမှ**

မိမိတို့၏ စိတ်ဓာတ်နှင့် ခံယူချက်အပိုင်း၊ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာစောင့်စည်းမှုအပိုင်း၊ ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှုအပိုင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အတတ်ပညာပိုင်းတို့၌ လုံခြုံပြည့်စုံအောင်၊ အရည်အသွေးပြည့်မီအောင် လေ့ကျင့်ထိန်းသိမ်းပျိုးထောင်နေကြရန် အရေးကြီးကြောင်း။

## လေ့ကျင့်ပျိုးထောင်

အထူးသဖြင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာရေးအတွက် အကျင့်သီလ သမာဓိတည်ကြည်ခိုင်မြဲမှု၊ အဂတိတရားလေးပါး၊ တံစိုးသုံးပါးကင်းစင်ပြီး စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်ကျည်မှု၊ ငွေကြေးပစ္စည်းဥစ္စာထက် ဖြောင့်မတ်မှန်ကန်ရိုးသားမှုကို အခြေခံသည့် ဂုဏ်သတင်းကျော်စောမှုကို လိုလားမြတ်နိုးမှု၊ ပြည်သူလူထုအကျိုး ရှေ့ရှုသည့် အပြုသဘောအမြင်ရှိမှုစသည့် မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများဖြင့် ပြည့်ဝခိုင်မာစေရန် မိမိကိုယ်မိမိ အမြဲမပြတ် လေ့ကျင့်ပျိုးထောင်နေကြရမည်ဖြစ်ကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သော တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် လုပ်ငန်းတာဝန်များကို အောင်မြင်သည်ထက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့သည် မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်ပြီး လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားသွားမည်ဆိုပါက ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်သည်ကို ကမ္ဘာ့ဖြစ်ရပ်များအရရော၊ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီး နှစ်ပေါင်း၅၀ခန့် မိမိတို့နိုင်ငံ ဖြတ်သန်းလာခဲ့ရသည့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအရပါ အထင်အရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို လုံခြုံအောင်၊ တည်ငြိမ်အောင်၊ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာအောင် ပထမဦးစားပေးပြီး ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ မိမိတို့နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု၊ ရပ်ရွာအေးချမ်းသာယာမှုစသည့် အခြေအနေကောင်းများ ခိုင်မာစွာရရှိနေပြီ ဖြစ်ကြောင်း၊ သို့သော်လည်း ယင်းအခြေအနေကောင်းများကို ဖျက်လိုဖျက်ဆီး လုပ်လိုသည့် ပြည်တွင်းပြည်ပက အန္တရာယ်များရှိနေသည်ကို မိမိတို့အနေဖြင့် အမြဲမပြတ်သတိထားပြီး အဖျက်သမားအန္တရာယ်များကို ကာကွယ်တားဆီး သွားကြရမည်ဖြစ်ကြောင်း။

## အားလုံးအသိပင်ဖြစ်

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် စီမံကိန်းကြီးသုံးခု ချမှတ်ပြီး နေ့မအားညမနား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

နယ်စပ်ဒေသများမှာ တစ်ချိန်က လုံခြုံမှု၊ အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု မရှိခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရာ မိမိတို့ တပ်မတော်အစိုးရလက်ထက်ကျမှသာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုရလာပြီး နယ်မြေအေးချမ်းတည်ငြိမ်မှုရလာသည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ပြီး ယခုအခါ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်ကို အားလုံးသိရှိကြပြီး ဖြစ်ကြောင်း၊ ယင်းသို့ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ယှဉ်တွဲပြီး ဒေသအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို ထိထိရောက်ရောက် မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်ရေးစနစ်၏ ကျယ်ပြန့်ထိရောက်မှုကို ကွက်ပြည့် အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးမှုကို အခြေခံသည့် အုပ်ချုပ်ရေးစနစ် ထွန်းကားကျယ်ပြန့်မှသာ တိုင်းရင်းသားအားလုံးသည် တရားဥပဒေ၏ အကာအကွယ်အောက်၌ အေးချမ်းလုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်မည်ဖြစ်ကြောင်း။

## အထူးအလေးထား

ထို့ကြောင့် နယ်စပ်ဒေသများ၌ တာဝန်ထမ်းဆောင်ကြသည့် အုပ်ချုပ်ရေးအရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များကို ရည်မှန်းချက်ရှိရှိ ထိထိရောက်ရောက် ကျေကျေပွန်ပွန်နှင့် ထမ်းဆောင်သွားကြရန် လိုအပ်သည့်အပြင် နိုင်ငံတော်ကြီး စည်းစည်းလုံးလုံးနှင့် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပါ အထူးအလေးထားပြီး တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သည့်အတွက် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ရွေးချယ်သတ်မှတ်ပြီး တက္ကသိုလ်များ၊ ကွန်ပျူတာကောလိပ်များ၊ နည်းပညာကောလိပ်များ၊ ဆေးရုံကြီးများထူထောင်ပေးပြီး ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်အောင် စိတ်စေတနာအပြည့်ထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

## ချမှတ်အကောင်အထည်ဖော်

နိုင်ငံတော်၏ လူဦးရေအများစုသည် ကျေးလက်ဒေသများ၌ နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသများ ဖွံ့ဖြိုးပါမှ နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်ငါးရပ်ဖြစ်သည့် ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်၊ ကျေးလက်များတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိစေရန်နှင့် ကျေးလက်၏ အခြေခံစီးပွားရေး တိုးတက်စေရန်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်ငါးရပ်ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင်ဖြစ်အောင် မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ကျေးရွာတစ်ရွာချင်းအထိရောက်အောင်သွားပြီး အလေးအနက်ထား ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် လုပ်ငန်းများအောင်မြင်ရေးအတွက် မိမိတို့ဒေသရှိ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများနှင့်အတူ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် အတူတကွ တစ်စိတ်တည်းတစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ အမျိုးသားစွမ်းအားစုများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်၊ စစ်မှုထမ်းဟောင်း စသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ အားကိုပါ စုစည်းရယူပြီး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ပေါင်းစပ်စည်းရုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ လူထုလူတန်းစားစုံလင်စွာဖြင့် ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ အခြေခံမှုများနှင့်ပတ်သက်၍ အသေးစိတ် အောင်မြင်စွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ကိစ္စရပ်များကိုလည်း ဆက်လက်ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် အမျိုးသားညီလာခံကို ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ပေးကြရန်ဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေး နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အစီအစဉ်များကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

---

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ရက် (ဥပုသ်နေ့)**
**၂၁-၉-၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)
- ၈:၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Islands of Dhamma
- ၈:၅၀ ၉။ ဘဒ္ဒန္တဝိစာရ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ(ဒုတိယဆု) (အထက-၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး(ဝါသနာရှင်အဆင့်) (အမျိုးသမီး)
- ၁၇:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း”**(အပိုင်း-၂၆)
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၅ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၁၀ ၁၂။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၁၉:၂၀ ၁၃။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၁၉:၃၅ ၁၄။ လူနတ်နှစ်လီ တစ်ရစ်စီ ရွှေနတ်တောင်စေတီ
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“တစ်ရံရောအခါ”** (အပိုင်း-၂၄)
- ၁၉။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

## ဥပုသ်နေ့ နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

### ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

## အလိုတော်ပြည့် ၁၀ ရက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် တော်သလင်းလပြည့်နေ့မှ တော်သလင်းလပြည့်ကျော်၁၀ရက် (စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၈ရက်)အထိ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပုဂံ–ညောင်ဦး နယ်စပ်ဒေသ ပြည်တွင်းပြည်ပသာသနပြု ဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယျံအရှင်ဥတ္တရ(မဓ္ဈာစရိယ နယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်သောဘနတို့က သတိပဋ္ဌာန်အလုပ်ပေး တရားတော်တို့ကို ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် စက်တင်ဘာ ၂၈ရက် ညနေ ၅ နာရီတွင် အလိုတော်ပြည့် ကျောင်းတိုက်သို့လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း– ၀၁–၅၄၅၃၃၇၊ ၀၉–၈၀–၃၀၆၆၆နှင့် ၀၉–၅၀–၁၄၅၀၀တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)



## ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးအားကြိုဆို

ရန်ကုန် စက်တင်ဘာ ၂၀

**အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့် ဇနီး Mrs. Meera Varma တို့ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲ ၁နာရီ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

### ကြိုဆိုနှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်မှူးချုပ်ခင်အောင်နှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## ဂန့်ဂေါ–ကလေးလမ်းပေါ်ရှိ တော်ဝင်တံတားဖွင့်လှစ်

## မကွေးတိုင်း၊စစ်ကိုင်းတိုင်းနှင့်ချင်းပြည်နယ်ဆက်သွယ်ရေးပိုမိုကောင်းမွန်လာ

## ဒေသခံပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးလာမည်

ရန်ကုန် စက်တင်ဘာ ၂၀

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ဂန့်ဂေါ–ကလေး ကားလမ်း နှမ်းခါးကျေးရွာအနီးရှိ တော်ဝင်တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။**

တော်ဝင်တံတားဖွင့်ပွဲ အခမ်းအနားသို့ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ စုစုပေါင်းအင်အား ၈၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေး လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က အမှာစကားများ ပြောကြားကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်တွင် တံတားကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

### ဖြတ်သန်းကြည့်ရှု

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တော်ဝင်တံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များက တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သော တော်ဝင်တံတားသည် မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းကို ဆက်သွယ်ဖောက်လုပ်ထားသော ဂန့်ဂေါ–ကလေးလမ်း မိုင်တိုင် (၂၉/၃) နှမ်းခါးကျေးရွာအနီးတွင် တော်ဝင်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသော ၄၀၈ ပေ အရှည်ရှိ တံတားဖြစ်သည်။ တံတားကို တည်ဆောက်ပေးလိုက်သည့်အတွက် မကွေးတိုင်း ဂန့်ဂေါမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်အတွင်းသို့လည်းကောင်း လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်၍ ပြည်နယ် ပြည်မ ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ထို့ပြင် ဂန့်ဂေါ–ကလေး လမ်းပေါ်ရှိ ရေရှင်မ၊ မွေ့လယ်၊ သာစည်၊ ရဲလှ၊နှမ်းခါး၊သာလင်း၊တောင်ခင်ရမ်း၊ မြောက်ခင်ရမ်း၊ ရွှေဘို၊ သင်တော၊ ကုက္ကား၊ ဟံသာဝတီ စသည့် ကျေးရွာများမှ ကျေးလက်ပြည်သူများသည် ယခင်က မိုးရာသီ ချောင်းရေကျချိန်တွင် စောင့်ဆိုင်းနေခဲ့ရသည့် အခက်အခဲများမရှိတော့ဘဲ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုဖွံ့ဖြိုး တိုးတက် လာမည်ဖြစ်သည်။

တော်ဝင်တံတားသည် တစ်လမ်းသွား တံတားဖြစ်၍ သစ်သားတံတားအပိုင်း ပေ ၂၀ ကိုးခန်း ပေ ၁၈၀၊ သံကူကွန်ကရစ်တံတားပေ ၆၀ နှစ်ခန်း ပေ၁၂၀ နှင့် RPT သံပေါင် ၁၀၈ ပေ ပါဝင်သော စုစုပေါင်း ၄၀၈ ပေ အရှည်ရှိသည့် တံတားဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ဂန့်ဂေါ– ကလေး ကားလမ်းပေါ်ရှိ တော်ဝင်ချောင်းတံတားဖွင့်ပွဲတွင် မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (ဆောက်လုပ်ရေး)**

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

## လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ လှိုင်သာယာ၌ဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ "လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာ" ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်လှလှနှင့် အကြံပေးပုဂ္ဂိုလ်များ၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် လှိုင်သာယာမြို့နယ်တို့မှ ဌာနဆိုင်ရာများနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ အမျိုးသမီး ဝန်ထမ်း၂၅၀တို့တက်ရောက်ကြသည်။

### ဟောပြော

ဟောပြောပွဲတွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျအစိုးရ (MoU) အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်သော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီး ရာလျန်မုန်းက "မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေး အကြောင်း သိကောင်းစရာ" များကို လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီး ကာကွယ်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲမှူးအောင်သန်း က "လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေရေးရာ" များကို လည်းကောင်း ဟောပြောကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှေးဟောင်းယဉ်ကျေးမှုအမွေ ပုဂံမြေ

မြန်မာနိုင်ငံတွင် နေထိုင်ကြသော မြန်မာတိုင်းရင်းသား အများစုတို့သည် ထေရဝါဒသာသနာ စတင်သန္ဓေတည်ခဲ့ရာ ဘူမိနက်သန်မြေ အစစ်အမှန်ဖြစ်သော ပုဂံဒေသသို့ အားတက်သရောကြိုးစားကာ ဖြစ်သည့်နည်းနှင့် ရောက်ဖူးအောင် သွားလေ့ရှိကြသည်။

ကမ္ဘာလှည့်ခရီးသွားများမှာလည်း မြန်မာပြည်သို့ လာရောက်လည်ပတ်ကြသောအခါ အခြေအနေအရ အခြားမြို့ရွာဒေသများကို ချန်ထားကြမည်ဖြစ်သော်လည်း ပုဂံဒေသကိုမူ ၎င်းတို့ခရီးစဉ်တွင် အမြဲရွေးချယ်ထည့်သွင်းကာ မဖြစ်မနေ သွားရောက်လေ့ရှိကြသည်။

အဘယ်ကြောင့်ဆိုသော် ထိုဒေသရှိ ၁၉စတုရန်းမိုင် မြေဧရိယာပေါ်တွင် ဘုရားပုထိုးစေတီ ၄၀၀၀ကျော် တစ်စုတစ်ဝေးတည်ရှိနေခဲ့ခြင်း သမိုင်းကြောင်းကို ကမ္ဘာပေါ်ရှိ အခြားမည်သည့်ဒေသတွင်မျှ ဖတ်ရှုတွေ့မြင် ကြားသိနိုင်ခြင်း မရှိသော ကြောင့်တည်း။

ယဉ်ကျေးမှု ထိန်းသိမ်းရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်း အမျိုးမျိုးတို့ကလည်း ထူးဆန်းအံ့သြဖွယ်ရာ ရင်သပ်ရှုမောရသော ရှေးဟောင်းပုဂံဒေသကို အသိအမှတ်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ကူညီထောက်ပံ့ခြင်း စသည်တို့ကို ပါဝင်ဆောင်ရွက်ပေးလျက် ရှိနေသည်။

ပုဂံသည် မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းတွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၃၀၀တွင်တည်ရှိပြီး ရန်ကုန်မြို့မှ မိုင်ပေါင်း ၄၃၀ကွာဝေးသည်။ ပုဂံသို့ လေယာဉ်၊ ရထား၊ မော်တော်ယာဉ်နှင့် သင်္ဘောခရီးစဉ်တို့ဖြင့် ရောက်ရှိနိုင်သည်။

အေဒီ ၉ရာစု ပျူတို့ထွန်းကားခဲ့ရာ သီရိခေတ္တရာ(ပြည်) ပျက်စီးသွားပြီးနောက် ပျဉ်ပြားမင်းသည် လက်ကျန်ပျူ ၁၉ရွာကိုစုစည်းကာ ပျူ+ဂါမဟု အမည်ဖွဲ့ရာမှ ပေါက္ကံရာမဟူသော ပုဂံပြည်ကြီး ဖြစ်လာသည်ဟု အဆိုရှိသည်။

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ သွေ့ခြောက်သော နေရာဒေသကို ပုဂံမြို့တည်ရန် အမြော်အမြင်ကြီးစွာ တမင်ရွေးချယ်ခဲ့သော မြို့တည်၊ နန်းတည် ဘုရင်တို့က ကျောက်ဆည်နှင့် မင်းဘူးကြားရှိ စပါးကျီအိုးများကို သဘာဝရေလမ်းခရီးဖြင့် အားကိုးခဲ့ကြသည်။ စုစုပေါင်း ဘုရင် ၅၅ပါးတို့ အုပ်စိုးခဲ့ရာ ၄၂ဆက်မြောက် အနော်ရထာမင်း စိုးစံသည့် အေဒီ ၁၀၄၄ရောက်မှသာ ပုဂံပြည်ကြီး ပွင့်လန်းခဲ့ရသည်။ အနော်ရထာမင်းကြောင့် စစ်မှန်သောထေရဝါဒ အယူကို တောင်ပိုင်းရှိ သထုံပြည် မွန်တို့ထံမှ ဆက်ခံရရှိခဲ့ရာ နောက်ပိုင်း တစ်စတစ်စဖြင့် မြန်မာတစ်ပြည်လုံး ဗုဒ္ဓသာသနာ ထွန်းလင်းခဲ့ရသည်။

သာသနာပြုရင်း၊ စစ်တိုက်ရင်း၊ ပုဂံအင်ပါယာကို ချဲ့ရင်းဖြင့် အနော်ရထာသည် ပထမ မြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်နိုင်ခဲ့သော မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်သည်။

ကျန်စစ်သားမင်းကြီးလက်ထက် သားတော်ရာဇကုမာ ရေးထိုးခဲ့သော မြင်းကပါအရပ်ရှိ မြစေတီကျောက်စာကို ထောက်ရှုပါလျှင် ထိုစဉ်အခါက မြန်မာ၊ ပျူ၊ မွန်နှင့် ပါဠိဘာသာ လေးမျိုးကို တစ်ပြိုင်နက် အသုံးပြုနေသော ကြောင့် ပုဂံခေတ်စာပေ အဆင့်အတန်းမြင့်မားပုံကို သက်သေရရှိခဲ့သည်။

ရှင်ဘုရင်မှစ၍ မှဆိုးမတိုင်အောင် လူတန်းစား အလွှာအသီးသီးတို့ တည်ထားကိုးကွယ်ခဲ့ကြသော ပုဂံ ဘုရားစေတီပုထိုးများကို ဆောက်လုပ်ရာတွင် ပညာရှင်များက ပန်းဆယ်မျိုးအတတ်ဖြင့် ပူဇော်ထားသော အဆင်တန်ဆာများမှာ အုတ်စီ၊ အုတ်နင်းကောင်းသောကြောင့် တုန္ဒိုင်းဖွယ်ရာကောင်းသော လက်မှုပညာများဖြစ်ကြောင်း ကိုယ်တိုင်မြင်တွေ့ပါမှ 'သြ'ချရမည် ဖြစ်သည်။

"အုံတုံသတ္တာ၊ နဝက္ကျဲကော်၊ ဒွေးနော်တင်လဲ၊ ဥသျှစ်ကဲ၍၊ လဲဝါ တစ်ဆုပ်၊ ဆီတစ်မှုတ်"ဟူသော အချိုးအစားအတိုင်း သဘာဝအင်္ဂတေကို ထိုခေတ်အခါကပင် ပုဂံသားတို့ကိုယ်တိုင် တီထွင်အသုံးပြုနိုင်ပြီ ဖြစ်သည်။

**ယခုအချိန်အထိ ရှေးဟောင်း သုတေသနဌာနမှ ဘုရားစေတီ ၂၂၅၀ကျော်တို့ကို ပြုပြင်ထိန်းသိမ်းထားပြီး ဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သော ပထမမြန်မာနိုင်ငံတော် ပုဂံပြည်ကြီး၏ ယဉ်ကျေးမှု အမွေအနှစ်များနှင့် သာသနာတော် တည်မြဲပြန့်ပွားရန် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားရမည်မှာ လက်ရှိ မြန်မာနိုင်ငံသားအားလုံးတို့၏ အမျိုးသားရေး တာဝန်ပင်ဖြစ်သည်။**

သာသနိက အဆောက်အအုံအတွင်း နံရံပန်းချီများကို ကြည့်ရှုရာမှ ပုဂံခေတ်အခါကာလ၏ ဘုရား၊ ကျောင်း၊ ကန်၊ ဘုရင်၊ မိဖုရား၊ ပုဂံခေတ်လူ့အဖွဲ့အစည်း၊ တိရစ္ဆာန်ကျေးငှက်၊ သစ်ပင်သစ်တောများမှစ၍ လူတို့သွားလာနေထိုင်ကြပုံ ဘဝအစုံစုံကို အသေးစိတ် ပြန်လည်သတိရ တွေးဆနိုင်ကြပါသည်။

ဘီလူးပန်းဆွဲ၊ တိုင်ထောင့်အောက်အခြေခံပန်းများ၊ မကန်းရုပ်၊ လေသာပြတင်းမှ ကျောက်ဆန်ခါပိတ်များ၊ ကလသာအိုးအလှ၊ ကျောက်ဆစ်ရုပ်အမျိုးမျိုး၊ ဟင်္သာရုပ်မှစ၍ တိရစ္ဆာန်ရုပ် အမျိုးမျိုး၊ ကြာရိုးကြာဆစ်ကြာပွင့်များ၊ ခြူးပန်းခြူးနွယ်၊ ရုပ်ကြွရုပ်လုံးနှင့် စုလစ်မွမ်းချွန် မြောက်မြားစွာတို့သည် ရာသီဥတုနှင့် သဘာဝဘေးဒဏ်အမျိုးမျိုးတို့ကိုခံကာ ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ကြသည့်တိုင် အများစုမှာ ယခုတိုင် အရည်အသွေးမပျက် လတ်ဆတ်လျက် သာသနိက အဆောက်အအုံများကို ဝိုင်းရံအလှဆင်နေကြတုန်းပင် ဖြစ်သည်။

ဘုရား၊ စေတီအတွင်းရှိ ကျောက်စာချပ်များ၊ နံရံပန်းချီများ၊ မင်စာများ၊ ဓာတာခွင်များ၊ မြေအလှူစာရင်းများ၊ ဗုဒ္ဓဝင်ဇာတ်ကွက်၊ ကျွန်ရောင်းဝယ်မှတ်တမ်း၊ ငါးရာ့ငါးဆယ်ဇာတ်နှင့် ဘုရားတည်ကျောင်းဆောက် ကုန်ကျစရိတ်စာရင်းတို့ကို ရေးမှတ်ထားသည်မှာလည်း ပုဂံခေတ်အခါကာလ သာသနာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍတို့ကို ကြေးမုံရိပ်သွင်အဖြစ် အသက်သွင်း ကြည့်နိုင်ကြသည်။

ပုဂံသို့ ဘုရားဖူးရောက်ရှိပါလျှင် အောက်ပါဘုရားများကို မဖြစ်မနေ ဖူးမြော်သင့်သည်။ ပုဂံတောင်ဘက်ရှိ တုရင်တောင်ခြေမှ သဲကျောက်တို့ကို အလုပ်သမားတို့ ဆစ်ပိုင်းကာ ပုဂံပြည်သူလူထုမှ ယခု ဘုရားတည်နေရာသို့ လက်ဆင့်ကမ်းသယ်ဆောင်လျက် အနော်ရထာမင်းကြီးတည်ကာ ကျန်စစ်သားမင်းကြီး အပြီးသတ်ခဲ့သော ရွှေစည်းခုံဘုရား၊ မွန်ဂိုတာတာစစ်သည်များပုံကို နံရံတွင် ပန်းချီရေးဆွဲထားသော ကျန်စစ်သားဥမင်၊ ထူးခြားသော ဗိသုကာလက်ရာဖြင့် ထုလုပ်ထားသော ကျောက်ကူးဥမင်ဘုရား၊ နယ်ချဲ့လက်အောက်ကျရောက်စဉ်အခါက ဗြိတိသျှအမှုထမ်းတစ်ဦးက တန်ဖိုးရှိ၍ ခွာယူသွားသော ဝက်ကြီးအင်းရွာမှ ဂူပြောက်ကြီးဘုရား (ပန်းချီလက်ကျန်တစ်ဝက် ဘုရားတွင် ကျန်ရှိနေသေးသည်)။ အလျား၊ အနံ ပေ ၁၅၀စီမြင့်သော ထီးလိုမင်းလိုဘုရား၊ ပျူစောထီးမင်း ရန်သူလေးပါးကို အောင်မြင်သော အထိမ်းအမှတ်အဖြစ် တည်ခဲ့သော စပါးစေ့ပုံဖူးဘုရား၊ ဘုရင်တို့ ရဟန်းဘောင်ဝင်စဉ် အသုံးပြုသော ဥပါလိသိမ်၊ ကုလားကျောင်းခံဖြင့် အိန္ဒိယ ဗုဒ္ဓဂယာဘုရားအသွင်ရှိ တစ်ဆူတည်းသော မဟာဗောဓိဘုရား၊ ဧရာဝတီမြစ်ကမ်းအနီးရှိ အချိုးအစားကျနတင့်တယ်သော ကန်တော့ပလ္လင်၊ အလောင်းစည်သူမင်းကြီး တည်ခဲ့သည့် အမြင့်ဆုံးသော သဗ္ဗညုဘုရားနှင့် ရွှေဂူကြီးဘုရား၊ ထေရဝါဒ ပုဂံသို့ မရောက်မီ ဟိန္ဒူနတ်များကို ကိုးကွယ်ခဲ့ရာ နတ်လှောင်ကျောင်း၊ ပစ္စယာငါးဆင့်ဖြင့် မတ်စောက်သည့် နတ်လှေကားများ ပါဝင်သော ရွှေဆံတော်ဘုရား၊ ၎င်းအနီးတွင် ရှင်ပင်သာလျောင်းဘုရား၊ အကြီးဆုံးသော ဓမ္မရံကြီးဘုရား၊

**တင်သန်းယု (မြန်မာ့ခရီးသွား)**

မင်းနန်သူရွာမှ စူဠာမဏိစေတီတော်၊ အနော်ရထာ လမ်းမကြီးရှိ အလိုတော်ပြည့်ဘုရား၊ ကျန်စစ်သားမင်း တည်ခဲ့သော အာနန္ဒာဘုရားနှင့် အာနန္ဒာ အုတ်ကျောင်းတို့ ဖြစ်သည်။ ထို့ပြင် မီးမလောင်ကျောင်း၊ မင်္ဂလာစေတီ၊ မြစေတီဘုရား၊ UNESCO အဖွဲ့မှ ဘုရားနံရံရှိ ပန်းချီများကို သန့်စင်ခြင်း ပြုပေးခဲ့သည့် မြင်းကပါအရပ်မှ ဂူပြောက်ကြီးဘုရား၊ သထုံဘုရင် မနုဟာ၏ မနောဟယရာဇာဘုရား၊ နန်းဘုရား၊ အပါယ်ရတနာ၊ နဂါးရုံ၊ စိမ်းညက်ညီအစ်မဘုရား၊ ဖက်လိပ်ညီအစ်မဘုရား၊ လောကနန္ဒာဘုရားနှင့် တုရင်တောင်ဒေသရှိ စစ္စနားဘုရားကြီးတို့မှာလည်း ထင်ရှားသည်။ မင်းနန်သူရွာနှင့် ဖွားစောရွာတွင် ပုဂံဘုရားများကို ငှက်အသွင် အပေါ်စီး ဝဲကြည့်နိုင်သော တရုတ်ပြေးမင်းဘုရား၊ ဘုရားသုံးဆူ၊ သမ္ဗျုလ၊ နန္ဒမညာဘုရား၊ လေးမျက်နှာဘုရား၊ ဓမ္မရာဇကဘုရားနှင့် ကျတ်ဂူဘုန်းကြီးကျောင်းတို့မှာလည်း မဖြစ်မနေ သွားရောက်ဖူးမြော်သင့်ပါသည်။

အေဒီ ၁၂၈၇တွင် မင်းပြုသော ၅၂ဆက်မြောက် နရသီဟပတေ့ လက်ထက်ရောက်သောအခါ မြောက်ဘက်မှ မွန်ဂိုစစ်သည်များသည် ပုဂံဒေသသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုကြောင့်လည်းကောင်း၊ အမြော်အမြင်နည်းသော ဘုရင်၏ လုပ်ဆောင်ချက်များကြောင့်လည်းကောင်း ပုဂံအင်ပါယာကြီး ပြိုပျက်ခဲ့ရတော့သည်။

နှစ်ပေါင်း ၁၀၀၀ကျော် တည်မြဲခဲ့သော ပုဂံပြည်ကြီးသည် မြန်မာ့သမိုင်းတွင် မင်းနေပြည်တော်အဖြစ်မှ လျော့ကျခဲ့သော်လည်း ထေရဝါဒသာသနာနှင့် အနုပညာယဉ်ကျေးမှုတို့ စတင်သန္ဓေတည်ရာ မြန်မာတို့ ဂုဏ်ယူဖွယ်ရာဒေသဖြစ်သောကြောင့် ယနေ့တိုင် ကျော်ကြားထင်ရှား အသက်ဝင်လျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသည်တို့ ပုဂံသို့ရောက်လျှင် ဘုရား၊ ပုထိုး၊ စေတီ၊ ပြတိုက်၊ ကျေးရွာ၊ ယွန်းလုပ်ငန်း စသည်တို့ကို တစ်နေကုန်ကြည့်ရှုပြီး ညနေစောင်းလျှင် မင်္ဂလာစေတီကြီးပေါ်မှ နေဝင်ချိန်အလှကို အလုအယက် တက်ရောက်ကြည့်ရှုကြသည်။

ပုဂံတွင် ထင်ရှားသော ဘုရားများစွာရှိသော်လည်း "ထုမှာဓမ္မရံ၊ ဉာဏ်မှာသဗ္ဗညု၊ အနုမှာ အာနန္ဒာ၊ အလှမှာ ရွှေစည်းခုံ"ဟူသော စာချိုးအရ ဗိသုကာပညာဖြင့် သာသနာ့ အဆောက်အအုံများကို အနည်းနည်းအဖုံဖုံ ဘက်စုံမြင့်တင်ပူဇော်ခဲ့ကြသော ဆောက်လုပ်သူ ပညာရှင်များ၏ စေတနာရက်ရောခြင်းနှင့် ပညာခန်း အမျိုးမျိုးတို့ကို ဖော်ပြထားခြင်းခံရသော ထူးခြားသည့် ဘုရားများအဖြစ် သတိထား ကြည့်နိုင်ကြသည်။

အခြား ထူးဆန်းအံ့သြဖွယ်ကောင်းသော ပုဂံခေတ် ဗိသုကာပညာ အစွမ်း လျှို့ဝှက်ချက်တစ်ခုကိုလည်း ကျန်စစ်သားမင်းကြီး တည်ခဲ့သော ပုဂံရှိ အာနန္ဒာဂူအတွင်းတွင် ယနေ့တိုင် တွေ့မြင်နိုင်ကြသည်။ ၃၁ပေခန့်မြင့်သော ရပ်တော်မူ ဘုရားကြီးလေးဆူမှာ ကျောချင်းကပ် အနေအထားတွင်ရှိကြပြီး သစ်သားလေးမျိုးကို ထုထွင်းထားခြင်း ဖြစ်သည်။ ဘုရားဖူးများဝင်လာပြီး အာရုံခံတန်ဆောင်းရှေ့ ရောက်လာပါက ဘုရားရှင် ရုပ်ပွားတော်သည် ပြုံး၍ကြိုဆိုနေပြီး ဘုရားဖူးသူမှ ဘုရားရှေ့မှောက် မျက်နှာတော်အောက်သို့ ဆက်လက်လျှောက်သွားပြီး မော်ဖူးလိုက်ပါလျှင် ပြုံးတော်မူသော အနေအထားမှ ဈာန်သမာပတ်ဝင်စားနေသော တည်ကြည်သည့်အသွင်သို့ ရုတ်ခြည်းပြောင်းလဲသွားသည်ကို အံ့သြဖွယ်ရာ တွေ့မြင်နိုင်ကြသည်။ ပုဂံရောက် မြန်မာဘုရားဖူးများက အနော်ရထာမင်းကြီးတည်ခဲ့သော စွယ်တော်လေးဆူကို အမိအရ တစ်နံနက်အတွင်း ဖူးသောလေ့ရှိကြသည်။ ဒေသခံတို့ကလည်း ဘုရားဖူးလာသူ ဧည့်သည်တို့ကို ဝန်ဆောင်မှုကောင်းများဖြင့် ကုသိုလ်ယူလေ့ရှိကြသည်။

ရှေးအစဉ်အဆက် ကာလများတွင် ပုဂံဒေသ၌ ပြတိုက်အမျိုးမျိုးရှိခဲ့သော်လည်း ၁၉၉၅ခုနှစ်တွင် မြေဆယ်ဧကပေါ်၌ ဆောက်လုပ်ခဲ့သော ပုဂံကိုယ်ပွား ရှေးဟောင်း သုတေသန ပြတိုက်ကြီးမှာ ပစ္စည်းအမျိုးပေါင်း ၃၀၀၀ကျော်ကို ပြခန်းဆယ်ခန်းဖြင့် ခင်းကျင်းပြသထားသည်။ ထူးခြားသည်မှာ ပြတိုက်ခေါင်မိုးပေါ်တွင် နေဝင်ချိန်ကို တက်ရောက်ခံစားနိုင်ရန် ဆောက်လုပ်ပေးထားခြင်းမှာ ဗိသုကာတို့ကို အထူးကျေးဇူးတင်ဖွယ်ရာ ဖြစ်သည်။

ရှေးဘုရင်ခေတ်အခါမှစ၍ ယနေ့တိုင်အောင် ယွန်းအတတ်သည် ပုဂံ၏ ပင်တိုင်ပန်းပညာတစ်ခုအဖြစ် ကျော်ကြားသည်။ ယွန်းကျောင်းကြီးမှာ ယနေ့တိုင်အောင် ယွန်းပညာရှင်များစွာ တို့ကို မွေးထုတ်ပေးလျက်ရှိသည်။ ပုဂံ၏ ဂုဏ်သရေကို မြှင့်တင်လျက် ယွန်းလုပ်သားတို့ သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည်။

၉ရာစုတွင် ပျဉ်ပြားမင်း တည်ခဲ့သော ပုဂံမြို့ဟောင်းမှာ ရှေးယခင်က မြို့ဝင်တံခါး ၁၂ပေါက် ရှိခဲ့သော်လည်း ယခုအခါ သရပါတံခါးဟူသော တံခါးတစ်ပေါက်သာ ကျန်ရှိလေတော့သည်။ သွားရောက်လေ့လာနိုင်သည်။

ပုဂံရှိ ဘုရားအများအပြားမှာ ပွင့်လင်းရာသီတွင် ဘုရားပွဲတော်များရှိကြသည်။ ထင်ရှားသော ဘုရားပွဲများအနက် ရွှေစည်းခုံမှာ သီတင်းကျွတ်လ (အောက်တိုဘာ)နှင့် အာနန္ဒာမှာ ပြာသိုလ (ဇန်နဝါရီလ)တို့တွင် ကျင်းပသည်။

ဘုရားပွဲ ကျင်းပရာအရပ်သို့ နီးစပ်ရာရွာတို့မှ ဘုရားဖူးများသည် လှည်းတန်းရှည်ကြီးများဖြင့် ရာချီလျက် လာကြကာ ဘုရားပရိဝုဏ်ပတ်လည်တွင် နေရာယူ စတည်းချကြသည်။ ဘုရားပွဲ ကျင်းပစဉ်ကာလနှင့် ကျင်းပပြီးသည့် နေ့ရက်များတိုင်အောင် ဘုရားဖူးတို့သည် လှည်းအောက်ဘေးဝန်းကျင်တွင် နေ့ဘက် ချက်ပြုတ်စားကြပြီး ညဘက် လှည်းပေါ်တွင် မိသားစုများ စုပေါင်းအိပ်ကြသည်။ ရွာမှထွက်စဉ်ကပင် လှည်းနောက်တွင် ခြေကျင်လိုက်ပါလာကြသော အိမ်စောင့်ခွေးများက မိမိတို့ အရှင်သခင်များ အိပ်နေစဉ် ညဘက်စောင့်ပေးကြသည်။

တစ်ရက်လျှင် နှစ်ဆယ့်လေးနာရီ အသက်ဝင်လျက်ရှိသော အညာဘုရားပွဲဈေးကို ပီပီပြင်ပြင် ကြုံရသည်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ တစ်နှစ်စာအတွက် လယ်ယာနှင့် မိသားစုတို့တွင် အသုံးလိုအပ်သည့် ပစ္စည်းအမျိုးမျိုးတို့ကို ဘုရားဈေးတန်းကြီးတွင်လျှောက်ကာ ဝယ်ကြသည်။ အညာစကား အညာအထာ၊ အညာလေသံနှင့် အညာဓလေ့တို့ဖြင့် အချင်းချင်း ပြောဆိုရောင်းဝယ် ဖောက်ကားနေသည်မှာ အခြားဒေသမှ လာရောက်ကြသော ဘုရားဖူးတို့အတွက် ထူးဆန်းနေကြသည်။ မိုးလင်းသည့်တိုင်အောင် ခြိမ့်ခြိမ့်သဲ ကပြဖျော်ဖြေနေကြသော ရုံသွင်းဇာတ်ပွဲများတွင် ဘုရားပွဲကြုံပါမှသာ ကြည့်ကြရသော အခွင့်အရေးရသဖြင့် ရုံအပြည့်ရှိနေသော ပရိသတ်များမှာ ပွဲတွင်အာရုံစိုက်နေကြရသည်။

ပုဂံနေပြည်တော်ကြီး ပျက်စီးသွားပြီးသည့်နောက် လွင်တီးခေါင်ပြင်တွင် တည်ရှိနေကြသော ဘုရားစေတီတို့မှာ ရာစုနှစ်ပေါင်းများစွာ သဘာဝဘေးဒဏ် အမျိုးမျိုးကိုသာမက ၁၉၇၅ခုနှစ် ငလျင်ဒဏ်ကြီးကိုပါ ခံစားခဲ့ရသောကြောင့် အများစုမှာ ကုန်းမြေသို့ ခကြရသည်။ အချို့မှာမူပျက်စီးခြင်း အမျိုးမျိုးတို့ကို ကြံ့ကြံ့ခံလျက် ရှိနေကြရသည်။

အကြောင်းအမျိုးမျိုးတို့ကြောင့် ပြိုဆင်းခဲ့ရသည့် ဘုရားစေတီပျက်များကို ဆက်လက် လျစ်လျူရှုထားပါက ပုဂံမြေတွင် မြန်မာတို့၏ ယဉ်ကျေးမှု အမွေသည် တဖြည်းဖြည်း ပျောက်ကွယ်သွားပေလိမ့်မည်။

ရှေးယခင် အခါကာလကပင် ရှိနေခဲ့သည့် 'တစ်နေ့တစ်လံ ပုဂံဘယ်မရွေ့'ဟူသော တဘောင်အရ ယခုအခါ ပြည်သူလူထု အသင်းအဖွဲ့နှင့် တစ်ဦးတစ်ယောက်ချင်းတို့၏ လက်ဆင့်ကမ်း အလှူဒါန ကုသိုလ်ပြုခဲ့ကြခြင်းတို့ကြောင့် ရှေးဟောင်းအမွေအနှစ်များ တဖြည်းဖြည်း ပြန်လည်အသက်ဝင်လာကြလေပြီ။ ယခုအခါ ပုဂံဒေသမြင်ကွင်းကို အမြင့်တစ်နေရာမှ ငှက်အသွင် ဝဲမျှော် ကြည့်ပါလျှင် ယာမြေယာခင်း၊ ပင်ပု၊ ချုံနွယ်၊ ထနောင်း၊ တမာ၊ မန်ကျည်း၊ ဆူးပင်တို့ စိမ်းလန်းစွာ တည်ရှိနေသော နောက်ခံ ပင်အိုပင်ပျိုများကြားတွင် စေတီပုထိုး ဖွေးဖွေးတို့နှင့် အုတ်နီနီ ဂူဘုရားတို့ ကြိုးကြားကြိုးကြားရက် ဖောက်ထားသော ပုဂံမြေဒေသအလှမှာ သက်ငြိမ် ပန်းချီကားတစ်ချပ်သဖွယ် ရှေးပုဂံခေတ်ကို ပြန်လည်တသ သတိရ လွမ်းဆွတ်စေပါသည်။

သာဓုအနုမောဒနာ တရားချီးမြှင့်ခြင်းနှင့် ရေစက်ချ အမျှဝေခြင်းများ၊ ပီတိသောမနဿဖြင့် လှူဒါန်းမှု ကုသိုလ်များအတွက် ရွှေမိုးငွေမိုးများ ရွာသွန်းခြင်းများနှင့် ဝတ်အဖွဲ့တို့၏ ကုသိုလ်စေတနာ သဒ္ဓါစိတ်ရင်းပြင်းပြစွာ ရွတ်ဖတ်သံများကား ပုဂံမြေတစ်ပြင်လုံး ပျံ့နှံ့ရုံမက ကောင်းကင်ဘဝဂ်သို့ပင် ပျံ့နှံ့ခဲ့လေပြီ။

ပုဂံတွင် ဆက်လက်၍ ကုသိုလ်ဒါနပြုရမည့် လုပ်ဆောင်မှု အမျိုးမျိုးကား များစွာလိုအပ်လျက် ရှိနေပါသေးသည်။

'လှည်းဝင်ရိုးသံ' အရေအတွက်ရှိသော ဘုရားစေတီတို့အားလုံး'တည်းသံ' ဖြင့် ပြန်လည်အသက်ဝင်လာရန်မှာ ရှေးဟောင်းသုတေသနဌာနမှ များစွာကြိုးစားနေသည့်အပြင် လှူဒါန်းပါဝင်ကြမည့် ကုသိုလ်ရှင်များ၏ အပေါ်တွင်လည်း များစွာတည်မှီနေသည်။ **ယခုအချိန်အထိ ရှေးဟောင်း သုတေသနဌာနမှ ဘုရားစေတီ ၂၂၅၀ကျော်တို့ကို ပြုပြင်ထိန်းသိမ်းထားပြီး ဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သော ပထမ မြန်မာနိုင်ငံတော် ပုဂံပြည်ကြီး၏ ယဉ်ကျေးမှု အမွေအနှစ်များနှင့် သာသနာတော် တည်မြဲပြန့်ပွားရန် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက် သွားရမည်မှာ လက်ရှိ မြန်မာနိုင်ငံသားအားလုံးတို့၏ အမျိုးသားရေး တာဝန်ပင်ဖြစ်သည်။**

ရှေးဘိုးဘေး အမွေအနှစ်များကို လက်ဆင့်ကမ်း ပခုံးကူးပြောင်းကြရာတွင် ရည်ရွယ်ချက်ရှိရှိ တာဝန်သိသိဖြင့် ကူညီပူးပေါင်းပါဝင်စောင့်ရှောက် မြှင့်တင်မှသာ အမျိုးသားရေး စရိုက်လက္ခဏာများလည်း အဓွန့်ရှည်မည်ဖြစ်သည်။ သို့မှသာ ကမ္ဘာပေါ်ရှိ နိုင်ငံတကာ တိုးတက်ဖြစ်ပေါ်မှုအလျဉ်တွင် မြန်မာအမျိုးသားတစ်ရပ်လုံး ရင်ပေါင်တန်းပါဝင်လျက် တိုးတက်ဖွံ့ဖြိုးမှုများ ရှိလာမည်ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာ ပုဂံမြေနှင့် ဝန်းကျင်ဒေသတို့သို့ ဘုရားဖူးနိုင်ရန် ခရီးစဉ်အမျိုးမျိုးတို့ကို ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ယခုပွင့်လင်းရာသီမှစတင်၍ စီစဉ်ပေးမည် ဖြစ်ကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။





မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.) တို့က မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 1st Myanmar Junior World Ranking Tennis Tournament ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

# 1st Myanmar Junior World Ranking Tennis Tournament အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးသတင်းစာရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံတွင် အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 1st Myanmar Junior World Ranking Tennis Tournament ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယကဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း)ဦးဝင်းတင်၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားကလောင်ရှင်အဖွဲ့ချုပ် နာယက ဦးခင်မောင်ထွေး(ပျဉ်းမနား)နှင့် ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများနှင့် သတင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကဗိုလ်ချုပ် ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတကာ ပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရေးအတွက် အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် တင်းနစ်ကွင်းများ မွမ်းမံထိန်းသိမ်းမှု၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF) ထံ ပြိုင်ပွဲကျင်းပခွင့်ရရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု၊ နိုင်ငံတကာပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် ဆက်လက် လက်ခံကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)က မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က Junior Tennis တိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**သရုပ်ပြရှင်းလင်း**

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ မြန်မာ့တင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် 1st Myanmar Junior World Ranking Tennis Tournament နှင့် စပ်လျဉ်းသည်များကို သရုပ်ပြရှင်းလင်းသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများနှင့် ကလောင်ရှင်များက သိရှိလိုသည့် အချက်များကို ဆွေးနွေးမေးမြန်းကြရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဥက္ကဋ္ဌဦးဇော်ဇော် (Max Myanmar Co.,Ltd.)က ပြန်လည်ရှင်းလင်းဖြေကြားပြီးနောက် သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

**အိမ်ရှင်**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သည် မြန်မာ့တင်းနစ်အားကစား အဆင့်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပပြိုင်ပွဲများကို စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်ခဲ့သည့်အပြင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၉ရက်မှ ၂၀ရက်အထိ အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးနိုင်ခဲ့သည်။

ဆက်လက်၍ 1st Myanmar Junior World Ranking Tennis Tournament ကို မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ သိမ်ဖြူတင်းနစ်ကွင်းသစ်များတွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၂၀ ရက်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ ဒါကာမြို့၌ ကျင်းပမည့် အသက် ၂၁နှစ်အောက် လူငယ်ဟော်ကီ ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည့် မြန်မာ့လူငယ် လက်ရွေးစင်ဟော်ကီအသင်းအား တွေ့ဆုံမှာကြားခြင်းနှင့်ဟော်ကီအားကစား အထောက်အကူပြုပစ္စည်းများ လှူဒါန်း သည့် အခမ်းအနားတွင် အလှူရှင် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဂုဏ်ထူးဆောင်အမှုဆောင် ဦးစံတင်အောင်(ရွှေဘို)က အမေရိကန်ဒေါ်လာ ၂၀၀နှင့် ဟော်ကီတုတ် ငါးချောင်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံယူစဉ်။** (သတင်းစဉ်)

# စာပေခရီးသည် စာအုပ်ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျေးရွာတိုင်းကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ၏ လူ့စွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်အတွင်း ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ သံတွဲ၊ ရပ်စောက်၊ ဗထူး၊ တကောင်း၊ မြတောင်၊ ထီးချိုင့်၊ မုံရွာ၊ ကျောက်ကာမြောက်ရွာ၊ ယင်းမာပင်၊ တောင်ငူ၊ ပျဉ်းမနား၊ ပဲခူးဗိုင်းဂနိုင်းတောင်ရပ်၊ တာမွေ၊ ဝါးခယ်မကြီးနီစု၊ ဆူးတွင်းမြစ်ကလေး၊ အုတ်ဖိုဂုံညင်းတန်း၊ ဓနိကုန်း၊ မင်္ဂလာဒုံ ၂(က)၊ တာချီလိတ်၊ တာလေ၊ ပုံပါကျင်၊ မိုင်းတုံ၊ မိုင်းခုတ်၊ မိုင်းပါလျှိုး၊ ကျိုင်းလပ်၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ ပခုက္ကူ၊ ရှားတောစသော ဒေသအသီးသီးသို့သွားရောက်ရာတွင် ကိုယ်တိုင်တွေ့မြင်ခံစားချက်များ၊ ပုံရိပ်လွှာများ၊ အကြံပြုချက်များကို ရသမြောက်စွာ ရေးသားတင်ပြထားသည်။



ထို့ပြင် မြန်မာ-တရုတ်နှစ်နိုင်ငံ စာရေးဆရာများ အပြန်အလှန်နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများချစ်ကြည်မှုကို တိုးပွားစေရန် တရုတ်ပြည် စာရေးဆရာများအသင်း၏ ဖိတ်ကြားချက်အရ စာရေးဆရာ မောင်မြင့်ကြွယ်၊စာရေးဆရာမကြူကြူသင်း တို့နှင့်အတူ ယခုနှစ် ဧပြီလအတွင်း ပီကင်း(ပေကျင်း)၊တာ့လျှန်း၊ နန်ကျင်း၊ ရှန်ဟဲမြို့တော်များသို့ စာပေချစ်ကြည်ရေးနှင့် အလည်အပတ်ခရီးသွားရောက်ခဲ့သောအတွေ့အကြုံဗဟုသုတများစွာ ပါဝင်သည့် စာပေခရီးသည် စာအုပ်ကို နိုင်စာပေ အမှတ်၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၉၇၇၀က တစ်အုပ် ကျပ်၈၀၀ဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်းသိရသည်။ **(က-ပ)**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၀၆ ခုနှစ် ကာကွယ်ရေး ဦးစီးချုပ် (ရေ)တံခွန်စိုက်ဒိုင်း အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဧရာဝတီ ရေတပ် စခန်း ဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)နှင့် ရန်ကုန်တပ်နယ်၊ သန်လျင်တပ်နယ်ရှိ ဌာနချုပ်များ၊ပင်မ တပ်များ၊တပ်၊ စခန်း၊ ရေယာဉ် အများမှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင်အမျိုးသားအသင်း ၁၂သင်းနှင့် အမျိုးသမီးအသင်း ၁၀သင်းတို့ ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေ

ရန်ကုန် စက်တင်ဘာ ၂၀

**ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော၂၄နာရီ အတွင်းက ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်း၌ နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။**

**ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်၌ မုတ်သုံလေ အားနည်းနေသည်။**

**စက်တင်ဘာ၂၁ရက်ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး တနင်္သာရီတိုင်း၌ နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း၈၀ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

# ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာလေ့လာကြပြီး ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၀

**အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးအစီအစဉ်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily Newsမှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သည့် သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံမှူး Mr.Park Joon-yong နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာကြပြီး ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားသည်။**

ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာသို့ ရောက်ရှိရာ တာဝန်ရှိသူများ ကြိုဆိုကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဦးစီးဌာနမှ အင်္ဂလိပ်ဘာသာနည်းပြ ဒေါ်ခင်စုစုမျိုးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ မုခ်ဦး၌ မြေပုံကားချပ်ကိုပြသ၍လည်းကောင်း၊ နန်းမြင့်မျှော်စင်ပေါ်မှနေ၍ တိုင်းရင်းသား ကျေးရွာကိုပြသပြီး တိုင်းရင်းသား ကျေးရွာ ဖွဲ့စည်းတည်ဆောက်ထားပုံကိုလည်းကောင်း လိုက်လံရှင်းလင်းပြသ၍ သိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာန၏ ဘာဂီကားဖြင့် တိုင်းရင်းသားကျေးရွာအတွင်းရှိ ရခိုင်၊ ဗမာ၊ ကရင်၊ မွန်၊ ချင်း၊ ကချင်၊ရှမ်းနှင့် ကယားကျေးရွာများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ညွှန်ကြားရေးမှူး ဗိုလ်မှူးဇော်ဝင်းအောင်နှင့် ဒေါ်ခင်စုစုမျိုးတို့က လိုက်လံရှင်းလင်းပြသကြပြီး သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားကာ မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသည်။

### ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည်ညနေပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး (သတင်း)ဦးဝင်းတင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

**ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သည့် သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။**

(သတင်းစဉ်)



# တရားသူကြီးချုပ်ဦးအောင်တိုးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၀**

တရားသူကြီးချုပ် ဦးအောင်တိုး ခေါင်းဆောင်သော မြန်မာအထူး လေ့လာသူကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၂ရက်မှ ၁၇ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အာဆီယံပါလီမန်များအဖွဲ့၏(၂၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက် ည ၈ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

### ကြိုဆိုနှုတ်ဆက်

တရားသူကြီးချုပ် ဦးအောင်တိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့အား ရှေ့နေချုပ် ဦးအေးမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တရားသူကြီးချုပ် ဦးအောင်တိုးနှင့်အတူ ဥပဒေအကြံပေး ဦးသောင်းညွန့်နှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**




**စက်တင်ဘာ ၁၉ရက်က သာကေတ အမက(၁၇) မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းညွန့်ရွှေက သူငယ်တန်း၌ ပညာရည်ချွန်ဆုရရှိသူ မရွှေအိမ်သင်းအား ဆုချီးမြှင့်စဉ်။** (က-ပ)

# စီးပွား/ ကူးသန်းအသင်းက လယ်ယာ/ ဆည်မြောင်းကို ဂိုးပြတ်သွင်း ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တံခွန်အသင်းကိုအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၂၀

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ ကူးသန်းအသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

စီးပွား/ကူးသန်း အသင်းက ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားရာ လယ်ယာ/ဆည်မြောင်းအသင်း ကွင်းတစ်ဝက်ကို ဖိထားနိုင်သည်။ လယ်ယာ/ဆည်မြောင်းအသင်းက ဂိုးမပေးရရေးအတွက် ခံစစ်အားပြုကစားနေ၍ ဖိကစားနိုင်သော်လည်း ဂိုးမရဘဲဖြစ်နေသည်။ စီးပွား/ကူးသန်း အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် ကျော်ဇင်ဝင်းက သွင်းယူခဲ့သည်။

စီးပွား/ကူးသန်း အသင်းက ဦးဆောင်ဂိုးရရှိပြီးနောက် အဆက်မပြတ်ဖိကစားရာ ပွဲချိန် ၃၅မိနစ်တွင် ဘိုဘိုအောင်က ဒုတိယဂိုးသွင်းယူခဲ့သည်။စီးပွား/ကူးသန်းအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၄၁မိနစ်တွင် မျိုးမင်းထွန်းက သွင်းယူခဲ့သည်။ ပထမပိုင်းအပြီးတွင် စီးပွား/ကူးသန်း အသင်းက သုံးဂိုးအသာဖြင့် ဦးဆောင်နေသည်။

စီးပွား/ကူးသန်း အသင်းက ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်သွင်းရာ စတုတ္ထဂိုးကို ပွဲချိန် ၅၃မိနစ်တွင် ကျော်ဇင်ဝင်းကလည်းကောင်း၊ ပဉ္စမဂိုးကို ပွဲချိန် မိနစ် ၆၀တွင် မာလက လည်းကောင်း သွင်းယူပေးသည်။

### ကာကွယ်ရေးဝန်ကြီးဌာနနိုင်

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တံခွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### ယနေ့ပွဲ

စက်တင်ဘာ ၂၁ရက် **(ယနေ့)** ညနေ ၄ နာရီတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် တပ်မတော်(ကြည်း)အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် ပြည်ထဲရေး အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်(၁၉၆) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊သင်တန်းကျောင်းမှတာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းသို့ ဝန်ကြီးဌာန ၃၀ ခုအောက်ရှိ ဦးစီးဌာန ၃၀ နှင့် စီးပွားရေးအဖွဲ့အစည်း ၃၅ခု တို့မှ ဝန်ထမ်း ၁၅၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လဖြစ်သည်။ **(သတင်းစဉ်)**


# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၉**

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မန္တလေးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်၁၀ရက်တွင် သတင်းအရ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်နေ မပပထွန်း(ခ)သဲမွန်၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ်မီးဖိုချောင်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား၁၉၀၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်နေ ဦးငွေထွန်း၏သမီး မပပထွန်း(ခ)သဲမွန်အား မန္တလေး အမှတ်(၄)ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၂/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အေစီမီလန်နှင့်ဂျူဗင်းတပ်တို့ နိုင်ပွဲရပြီးအောင်ပွဲခံ
# လာဇီယိုနှင့်ရိုးမားတို့ နိုင်ပွဲရရေးကြိုးစားရဦးမည်

**သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ**

**ရန်ကုန် စက်တင်ဘာ ၂၀**

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂)ကို စက်တင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပရာ စီးရီးအေလက်ရှိချန်ပီယံအေစီမီလန်က ဘိုလော့နာကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဂျူဗင်းတပ်က အတ္တလန္တာကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရကာ လာဇီယိုက ရက်ဂျီးနားနှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

## ဘိုလော့နာနှင့်အေစီမီလန်

ပြီးခဲ့သည့်နှစ် စီးရီးအေ၌ အဆင့်(၁၂)ချိတ်ခဲ့သည့် ဘိုလော့နာနှင့် လက်ရှိချန်ပီယံအေစီမီလန်တို့ ဘိုလော့နာကွင်း ရီးနာကိုဒယ်အာရာတွင် စက်တင်ဘာ ၁၉ ရက်က ယှဉ်ပြိုင်ကစားရာ ပွဲစသည်နှင့် အေစီမီလန်တို့က တိုက်စစ်ကို ရဲရဲဖွင့်ကစားပြီး တစ်သင်းလုံးနီးပါး ဖိကစားခဲ့သည်။

အေစီမီလန်ရှေ့တန်းတွင် တိုမက်ဆင်၊ ရှက်ချ်ချင်ကို၊ ဆီးဒေါ့ဖ်တို့က တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ကစားရာ ပွဲချိန် ၂၅မိနစ်တွင် အေစီမီလန်တို့ ညာထောင့်ကန်ဘောရရှိရာ အေစီမီလန်နောက်ခံလူ ကာလက်ဇီ ကန်သွင်းသော်လည်း ဂိုးတိုင်ဘေး ထွက်သွားသဖြင့် ဘိုလော့နာတို့ သက်သာသွားခဲ့သည်။

## အားဖြည့်ပေး

အေစီမီလန်တို့ ရှေ့နောက် အချိတ်အဆက်မိမိဖြင့် ကစားရာ အေစီမီလန်နောက်တန်း ခံစစ်မှူးများဖြစ်သည့် ကာဖူး၊ ကာလက်ဇီ၊ မာဒီနီနှင့် နက်စ်တာတို့က ခံစစ်လုံအောင်ကစားနိုင်ပြီး တိုက်စစ်ကိုလည်း တောင်ပံများမှ အားဖြည့်ပေးနိုင်ကြသည်။

ဘိုလော့နာတို့ အေစီမီလန် တိုက်စစ်ကို ဟန့်တားဖျက်ထုတ်နေရာမှ ပွဲချိန် မိနစ် ၃၀တွင် ဘိုလော့နာမှ အလယ်တန်းကစားသမား ကာလိုနာဗို အဖျက်ကြမ်းသဖြင့် အဝါကတ်ပြသတိပေးခံရသည်။ ဘိုလော့နာတို့ကလည်း ပြန်လည်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၃၅မိနစ်တွင် ဘိုလော့နာမှ တိုက်စစ်မှူး တာရယ်ညာကြောမှ တင်ပေးလိုက်သည့် ဘောလုံးကို အပိုင်ခေါင်းတိုက်သွင်းခွင့်ရရှိသော်လည်း အေစီမီလန်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

အေစီမီလန်တို့က ဘိုလော့နာဘက်သို့ အကြိမ်ကြိမ်ထိုးဖောက်ကစားနေရာ ဘိုလော့နာတို့ကလည်း မာမာတင်းတင်းဖြင့် ခုခံကာကွယ်ကစားခဲ့သဖြင့် ပထမပိုင်းပွဲချိန်ပြီးသည်အထိ ဂိုးမသွင်းနိုင်ခဲ့ပေ။

## တွန်းတွန်းတိုက်တိုက်

ဒုတိယပိုင်း ပွဲချိန်အတွင်း အနိုင်ဂိုးရလိုမှုကြောင့် တွန်းတွန်းတိုက်တိုက် ကစားခဲ့ရာမှ ပွဲချိန် ၅၄မိနစ်တွင် အေစီမီလန်မှ ကာလက်ဇီနှင့် ပွဲချိန် ၇၃မိနစ်တွင် ပီယာလိုတို့ အဝါကတ်ပြခံရသည်။ အေစီမီလန်တို့ ဂိုးရရှိရေး အသည်းအသန် ကြိုးစားကစားရာ ပွဲချိန် ၈၅မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိပြီး ယင်းပြစ်ဒဏ်ဘောကို အေစီမီလန်တိုက်စစ်မှူး ရှက်ချ်ချင်ကိုက သွင်းယူခဲ့သဖြင့် အေစီမီလန်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

## အရှုံးနှင့်ရင်ဆိုင်

ဘိုလော့နာတို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားသော်လည်း ဂိုးမရဘဲရှိရာ ပွဲချိန်မိနစ်၉၀တွင် အေစီမီလန်မှ ကာကာက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် အေစီမီလန်တို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အိမ်ကွင်းမာကျောသော ဘိုလော့နာမှာ ယခုနှစ် စီးရီးအေရာသီ၌ အဖွင့်ပွဲတွင် အရှုံးနှင့် ရင်ဆိုင်လိုက်ရပြီ ဖြစ်သည်။

အေစီမီလန်တို့ နှစ်ပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်ဖြင့် စီးရီးအေတန်းစီဇယား၌ တတိယနေရာတွင် ရှိနေပြီး ဘိုလော့နာမှာ နှစ်ပွဲကစား၊ နှစ်ပွဲရှုံးပြီး အဆင့်(၁၈)နေရာ၌သာ ရှိနေသည်။

## ဂျူဗင်းတပ်နှင့်အတ္တလန္တာ

ယခင်နှစ် စီးရီးအေတွင်အဆင့်(၃) ချိတ်ခဲ့သော ဂျူဗင်းတပ်နှင့် အတန်း



**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် အေစီမီလန်နှင့် ဘိုလော့နာတို့ ယှဉ်ပြိုင်ကစားရာ အေစီမီလန်မှ ကာဖူး(အလယ်)နှင့် ဘိုလော့နာမှ အမိုရိုဆိုတို့ ဘောလုံးယှဉ်လုစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

တက်လူသစ်တန်း အတ္တလန္တာတို့ ဂျူဗင်းတပ်ကွင်း ဒယ်လီအယ်ပီ၌ စက်တင်ဘာ၁၉ရက်က ယှဉ်ပြိုင်ကစားရာ အဝေးကွင်းရော အိမ်ကွင်း၌ပါ ခြေစွမ်းပြကစားနိုင်သော ဂျူဗင်းတပ်တို့က အသာစီးဖြင့် ကစားနိုင်ခဲ့သည်။

အိမ်ကွင်း၌ခြေစွာသော အတ္တလန္တာတို့ပွဲစသည်နှင့် ဦးဆောင်ဂိုးရရှိရေး တိုက်စစ်ဖွင့်ကစားသော်လည်း ကွင်းလယ်မှပင် အတ္တလန္တာတို့၏ တိုက်စစ်ကို ဖြတ်တောက်ချေဖျက် ကစားနိုင်ခဲ့ရာ ဂျူဗင်းတပ်တိုက်စစ်မှူး များဖြစ်သည့် ထရက်ဇီးဂေး၊ နက်ဗက်၊ ဇမ်ဘရော့တာနှင့် အီဘရာဟီမိုဗစ် တို့က အတ္တလန္တာနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သည်။

## အဖွင့်ဂိုး

ပွဲချိန်၁၄မိနစ်တွင် ဂျူဗင်းတပ် တိုက်စစ်မှူးဇမ်ဘရော့တာ ကန်သွင်းသည့်ဘောလုံးကို အတ္တလန္တာဂိုးသမား မက်ဆီမိုတိုင်ဘီ ပုတ်ထုတ်ကာကွယ်လိုက်ရာ ယင်းဘောလုံးကို တိုက်စစ်မှူး ထရက်ဇီဂေးက အပိုင်ကန်သွင်းခဲ့သဖြင့် ဂျူဗင်းတပ်တို့အဖွင့်ဂိုး ရရှိသွားသည်။

ဂျူဗင်းတပ်အသင်း ဆက်လက်ဖိကစားထားရာမှ ပွဲချိန် ၃၉ မိနစ်တွင် ဂျူဗင်းတပ်မှ နက်ဗက် အပြင်းကန်သွင်းရာ ဂိုးဘားပေါ်ကျော်သွားသဖြင့် ဂျူဗင်းတပ်တို့တစ်ဂိုးနစ်နာခဲ့ရသည်။

ပွဲချိန်၅၂မိနစ်တွင် ဂျူဗင်းတပ်မှ တိုက်စစ်မှူးထရက်ဇီဂေးက ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သဖြင့် ဂျူဗင်းတပ်တို့နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် စီးရီးအေတန်းစီဇယား၌ ထိပ်ဆုံးတွင် ရပ်တည်နေနိုင်ဆဲဖြစ်သည်။

အတ္တလန္တာမှာ နှစ်ပွဲကစား၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့်အဆင့်(၁၄)နေရာ၌ရှိနေရာ လက်ရှိခြေစွမ်းအတိုင်း ဆက်သွားပါက အတန်းမဆင်းရရေး မနည်းရုန်းကန်ကြိုးစားရမည်ဖြစ်သည်။

## လာဇီယိုနှင့်ရက်ဂျီးနား

ယခင်နှစ် စီးရီးအေ၌ အဆင့်(၆) ရရှိခဲ့သော လာဇီယိုနှင့် အဆင့်(၁၄) ရရှိခဲ့သော ရက်ဂျီးနားတို့ စီးရီးအေပွဲစဉ်(၂)အဖြစ် လာဇီယိုကွင်း အိုလံပီကို၌ စက်တင်ဘာ၁၉ရက်က ယှဉ်ပြိုင်ကစားရာ အိမ်ကွင်းရလဒ်ကောင်းသော လာဇီယိုတို့ ရက်ဂျီးနားကို သရေကျခဲ့သဖြင့် အစဉ်အလာပျက်ရပြီဖြစ်သည်။

ရက်ဂျီးနားမှာ အဝေးကွင်းရလဒ်မကောင်းသည့် အသင်းဖြစ်သော်လည်း လာဇီယိုကို ခြေရည်တူကစားနိုင်ပြီး သရေကျအောင် ကစားနိုင်ခဲ့သဖြင့် လာဇီယိုတို့ထံမှ အဖိုးတန်တစ်မှတ်ကို ခွဲဝေယူနိုင်ခဲ့သည်။

အိမ်ကွင်းတွင် ခြေအသာဖြင့် ကစားနိုင်ခဲ့သော လာဇီယိုအသင်းမှာ ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားပြီး တိုက်စစ်မှူးများဖြစ်သည့် အင်ဇာဂီ၊ ဒီကာနီရို နှင့် ဇောရီတို့က မနားတမ်း ထိုးဖောက်ကစားရာ ပွဲချိန်၃၁မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို လာဇီယိုတိုက်စစ်မှူးအင်ဇာဂီက ကန်သွင်းနိုင်သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အဖွင့်ဂိုးပေးလိုက်ရသဖြင့် ရက်ဂျီးနားတို့အပြင်းအထန် တိုက်စစ်ဆင်ကစားရာမှ ပွဲချိန်၃၅မိနစ်တွင် ရက်ဂျီးနား တိုက်စစ်မှူး ဘိုနာဇိုလီက ချေပဂိုးပြန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေဖြစ်ပြီး တစ်မှတ်စီခွဲဝေယူခဲ့ကြရသည်။ လာဇီယိုတို့ ယခုပွဲအနိုင်ရရှိသဖြင့် နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် တန်းစီဇယား၌ အဆင့်(၇)နေရာတွင် ရှိနေပြီး ရက်ဂျီးနားမှာ နှစ်ပွဲကစား၊ နှစ်ပွဲသရေဖြင့် အဆင့်(၁၂)နေရာ၌ရှိနေသည်။

## မက်ဆီနာနှင့်ရိုးမား

ယခင်နှစ် စီးရီးအေ၌အဆင့်(၂) ချိတ်ခဲ့သော ရိုးမားနှင့်အတန်းတက် မက်ဆီနာတို့က မက်ဆီနာကွင်း စီလက်ကီ၌ စက်တင်ဘာ ၁၉ ရက်က ယှဉ်ပြိုင်ကစားရာ အိမ်ကွင်း၌ခြေစွာသော မက်ဆီနာကို ရိုးမားတို့ လေးဂိုး–သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

မက်ဆီနာသည် ပြီးခဲ့သည့်စီးရီးဘီတွင် အိမ်ကွင်း၌ ရှုံးပွဲမရှိသောအသင်းဖြစ်ရာ ယခုလည်း မက်ဆီနာအသင်းက ပွဲချိန်၁၉မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ပါရီဆီက တစ်ဂိုး၊ ပွဲချိန် ၅၁မိနစ်တွင် မက်ဆီနာတိုက်စစ်မှူး ဆော်လိုက တစ်ဂိုး၊ ပွဲချိန် ၇၄မိနစ်တွင် ဂမ်ပါက တစ်ဂိုး၊ ပွဲချိန် ၇၇မိနစ်တွင် ဇမ်ပက်နာက တစ်ဂိုး သွင်းယူခဲ့သည်။

ရိုးမားအတွက် ချေပဂိုးများကို ပွဲချိန် ၃၅မိနစ်တွင် ရိုးမားတိုက်စစ်မှူး မွန်တဲလားကတစ်ဂိုးသွင်းယူပြီး ပွဲချိန် ၆၄မိနစ်နှင့် ၆၈မိနစ်တို့တွင် မွန်တဲလားကပင် ဆက်တိုက်သွင်းယူပြီး ဟက်ထရစ်ရရှိအောင် ဂိုးသွင်းချေပပေးခဲ့သည်။ အိမ်ကွင်း၌ ရှုံးပွဲနှင့် ကြုံတွေ့လိုက်ရသဖြင့် နှစ်ပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရိုးမားတို့ အဆင့်(၉) နေရာ၌ရှိနေပြီး လူသစ်တန်း မက်ဆီနာမှာ နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်ရရှိပြီး အဆင့်(၅)နေရာ၌ ရပ်တည်နေသည်။

## လီဗော်နိုနှင့်ချီယေးဗို

အတန်းတက် အသင်းသစ်လီဗော်နိုနှင့် ယခင်နှစ်စီးရီးအေ၌ အဆင့်(၉) ရရှိခဲ့သော ချီယေးဗိုတို့ လီဗော်နိုကွင်း အာနာရီဒိုပီချီ၌ စက်တင်ဘာ ၁၉ရက်က ယှဉ်ပြိုင်ကစားရာ ချီယေးဗိုက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗော်နိုတို့ ပွဲချိန် ၁၅မိနစ်တွင် တိုက်စစ်မှူး ပရောတီက အဖွင့်ဂိုး သွင်းယူပေးခဲ့သော်လည်း ပွဲချိန် ၄၉ မိနစ်တွင် ချီယေးဗိုတိုက်စစ်မှူး ကော်ဆာတိုက တစ်ဂိုးနှင့် ပွဲချိန် ၅၉ မိနစ်တွင် ချီယေးဗိုတိုက်စစ်မှူး ဆီဗီယိုလီ တစ်ဂိုးသွင်းပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အိမ်ကွင်း၌ ချီယေးဗိုတို့ အဖိုးတန်သုံးမှတ် ဆုံးရှုံးခဲ့ရသည်။

## အူဒီးနိစ်နှင့်ပါးမား

အူဒီးနိစ်နှင့်ပါးမားတို့ အူဒီးနိစ်ကွင်း ဖရူလီ၌ စက်တင်ဘာ ၁၉ရက်က ယှဉ်ပြိုင်ကစားရာ အိမ်ကွင်း၌ခြေစွာသော အူဒီးနိစ်တို့က လေးဂိုး–ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ယူခဲ့သည်။

ပါးမားအသင်း ခြေစွမ်းပျောက်လျက်ရှိရာ အူဒီးနိစ်တို့က ပွဲချိန် ၁၅ မိနစ်တွင် နာတာလီကတစ်ဂိုး၊ ပွဲချိန် ၇၄မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂျန်ကူလိုဗစ်က တစ်ဂိုး၊ ပွဲချိန် ၇၆မိနစ်တွင် မီချီနီက တစ်ဂိုး၊ ပွဲချိန် မိနစ် ၉၀တွင် ပီဇာရိုက တစ်ဂိုး သွင်းယူခဲ့ကြရာ ပါမားတို့ ချေပဂိုးပြန်မသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စီးရီးအေပွဲစဉ်(၂)ကစားပြီးဖြစ်ရာ အသင်းကြီးများဖြစ်သည့် အေစီမီလန်နှင့် ဂျူဗင်းတပ်တို့ နိုင်ပွဲရကြပြီး လာဇီယိုနှင့်ရိုးမားတို့ နိုင်ပွဲမရရှိခဲ့ကြသဖြင့်စီးရီးအေချန်ပီယံဖြစ်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရဦးမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဥရောပဂေါက်သီးအသင်း အနိုင်ရဗိုလ်စွဲ

**ဘလွန်းဖီးလ်မောလ်(မီချီဂန်) စက်တင်ဘာ ၂၀**

ဥရောပဂေါက်သီးအသင်းသည် စနေနေ့က အမေရိကန်ပြည်ထောင်စု၌ ပြုလုပ်သော ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည်။

ယင်းပွဲတွင် အင်္ဂလန်မှ ကေစီနှင့် ဒေးဗစ်မောင်းဝဲလ်တို့သည် ထိုနေ့နံနက်ပိုင်းက ဂေါက်သီးဘောလုံး လေးလုံးကို နောက်ဆုံးအာရုံစိုက် ရိုက်ခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် ၂၀၀၃ ခုနှစ် ယူအက်စ်အိုးပင်းချန်ပီယံ ဂျင်ဖာရိုက်ခ်နှင့် ကင်ဘဲလ်တို့ကို တစ်ကျင်းတည်းတန်းနှင့် နိုင်ခဲ့သည်။

အဆိုပါဥရောပဂေါက်သီးအသင်းတွင် အင်္ဂလန်မှ လီတက်စ်ဝုဒ်၊ လူကီဒိုနယ်၊ ပေါလ်ကေစီ၊ ဒေးဗစ်ဟောင်းဝဲလ်၊ အန်ပေါလ်တာ၊ အိုင်ယာလန်မှ မက်ဂျင်လီ၊ ပက်ထရိတ် ဟာရင်တန်၊ မြောက်အိုင်ယာလန်မှ ဒါရင်ကလပ်စ်၊ စပိန်မှ ဂါစီယာနှင့် ဂျင်မီနက်ဇ်၊ ဂျာမနီမှ ဘန်းဟတ်လင်ဂျာ၊ စကော့တလန်မှ ကောလင်းမောင့်ရိုမာရီ၊ ပြင်သစ်မှ သောမတ်လီဗက်တို့ပါဝင်ကြသည်။

၎င်းတို့သည် (၃၅) ကြိမ်မြောက် ရိုက်ဒါဖလားကို အမေရိကန်ဂေါက်သီးရိုက်သမားများအပေါ် စုစုပေါင်းရိုက်ချက် ၁၈ ချက်တွင် နှစ်ချက် လျှော့ရိုက်နေရာမှ နောက်ဆုံးအကျော့၌ ၉၁ ချက်တွင် နှစ်ချက်လျှော့ရိုက်ပြီး ဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**



**(၃၅)ကြိမ်မြောက် ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဘလွန်းဖီးလ်၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော ဥရောပရိုက်ဒါဖလား ဂေါက်သီးရိုက်အားကစားသမားများအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## အိုလံပစ်မာဆေးအသင်း ထိပ်ဆုံးရောက် တူးလောက်စ်ကိုဖြုတ်ချ

**ပါရီ စက်တင်ဘာ ၂၀**

အိုလံပစ်မာဆေးအသင်းသည် စနေနေ့က ပြင်သစ်လိဂ်တွင်ဦးဆောင်နေသည့် တူးလောက်စ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်လိုက်သည်။

ယခင်က ရှုံးပွဲမရှိဖူးသော တူးလောက်စ်အသင်းသည် မာဆေး ဂိုးသမား ဘားသက်ဇ်က ပထမပိုင်းတွင် ဂိုးအချို့ကာကွယ်ပေးနိုင်ခဲ့၍ ထိုက်တန်စွာ ယင်းပွဲကို အရှုံးပေးလိုက်ရသည်။

မာဆေးအသင်းသည် ပြီးခဲ့သော နှစ်ပွဲကစားခဲ့ရာတွင် မက်ဇ်အသင်းနှင့် ဆိုချောက်အသင်းတို့ကို ရှုံးခဲ့ပြီးနောက် အောင်မြင်မှုစတင်ရရှိခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ ရိုက်တာ**

## ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ ဟိုလ်မက်ခ်ပထမဆုရရှိ

**မိုနာကို စက်တင်ဘာ ၂၀**

ဗြိတိန်နိုင်ငံမှ အိုလံပစ်ချန်ပီယံ နှစ်ဆုရ ကယ်လီဟိုလ်မက်ခ်သည် စနေနေ့က ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပပြီး နှစ်ရက်အကြာ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးသွားခဲ့သည်။

သူမသည် ပြီးခဲ့သောလက အေသင်၌ မီတာ ၈၀၀နှင့်မီတာ၁၅၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ဆုရရှိထားသူဖြစ်သည်။ရုရှားမှ ကမ္ဘာ့ချန်ပီယံ တာတိုင်ယာနာတွန်မက်ရှ်ရှီဗာက ဒုတိယရရှိသည်။ ပထမဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၃၀၀၀၀ ရရှိမည် ဟုသိရသည်။

**အမ်အင်အေ၊ ရိုက်တာ**

## ဝုဖ်ခ်ဘတ်အသင်း ဘွန်ဒက်စ်လီဂါတွင် ဦးဆောင်

ဘာလင် စက်တင်ဘာ ၂၀

**ဂျာမနီဘွန်ဒက်စ်လီဂါ ပွဲစဉ်ငါးကို စက်တင်ဘာ ၁၉ရက်က ကျင်းပအပြီး အနိုင်အရှုံးမှာ အောက်ပါအတိုင်း ဖြစ်သည်။ဝုဖ်ခ်ဘတ်အသင်းသည် ၁၂မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။**

| | | | | |
|---|---|---|---|---|
| ကိုင်ဇာစလော့တန် | ၂ | – | ၁ | ဟမ်းဘတ် |
| အာမေးနီးယား | ၁ | – | ၁ | မိန့်ဇ် |
| လေဗာကူဆင် | ၂ | – | ၂ | နူရင်ဘတ် |
| ရော့စတာ | ၁ | – | ၂ | ဝုဖ်ခ်ဘတ် |
| ရှော်လ်ကေး | ၃ | – | ၂ | ဂလာဘတ်ချ် |
| ဝါဒါဘရီမင် | ၃ | – | ၀ | ဟန်နိုဗာ |
| ဒေါ့မွန် | ၂ | – | ၂ | ဘိုင်ယန်မြူးနစ် |

**အမ်အင်အေ၊ ရိုက်တာ**

# နာမည်ရ သရုပ်ဆောင်များပါဝင်သော ဗီဒီယို၁၅ကားဖြန့်ချိ

## မောင်ဆွေထွန်း

ရန်ကုန် စက်တင်ဘာ ၂၀

**စက်တင်ဘာ ၂၀ရက်မှစ၍ တစ်ပတ်အတွင်းပြသခွင့်ရရှိပြီး မြန်မာ ဗီဒီယိုဇာတ်ကား ၁၅ကားရှိရာနာမည်ရ သရုပ်ဆောင်များဖြစ်ကြသည့် ဒွေး၊**



**လွင်မိုး၊လူမင်း၊ နန္ဒာလှိုင်၊ ထက်ထက်မိုးဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ ဇာတ်ကားများပါဝင်သည်ကို တွေ့ရသည်။**

ထားဝယ်ဗီဒီယိုမှ ဒါရိုက်တာ သျှိုညိုထွန်းသိန်းရိုက်ကူး၍ ဒွေး၊ နန္ဒာလှိုင်တို့ ပါဝင်သော **'ဘာမဆို တန်အောင် လုပ်ရတယ်'** ဇာတ်ကား။ ညိုရာလွင်ဗီဒီယိုမှ ဒါရိုက်တာ ဇော ရိုက်ကူးပြီး လွင်မိုး၊နန္ဒာလှိုင်နှင့် ဇောတို့ ပါဝင်သော **'နှံ့နှစ်ကြာ'**ဇာတ်ကား။ လပ်ကီးပလေ့ဗီဒီယိုမှ ဒါရိုက်တာ အောင်ဗပါဝါ ရိုက်ကူးပြီး မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သော **'အချစ်ကြိုးဝိုင်း'** ဇာတ်ကား။ မဟာ စည်တော်ဗီဒီယိုမှ ဒါရိုက်တာ စိုးပိုင် ရိုက်ကူးပြီး ခင်လှိုင်၊ ချစ်စရာနှင့် အေးသဇင်မိုးတို့ပါဝင်သော **'မင်းသားဟော့ မင်းသား'**ဇာတ်ကား။

လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ နေပိုင်ရိုက်ကူးပြီး လူမင်း၊ ထက်ထက်မိုးဦးတို့ပါဝင်သော **'အက်ဆစ်ချို'** ဇာတ်ကား။မျက်ခြယ်ဗီဒီယိုမှဒါရိုက်တာ ဒယ်နီ ရိုက်ကူးပြီး နေထက်လင်း၊ မြတ်ကေသီအောင်တို့ ပါဝင်သော **'အစွဲအမုန်း'** ဇာတ်ကား။ အဲဗားရှိုင်းဗီဒီယိုမှ ဒါရိုက်တာမင်းနိုင် ရိုက်ကူးပြီး ဇာဂနာ၊ ဝေယံလင်းနှင့် ရတနာခင်တို့ ပါဝင်သော **'ချစ်ကြိုးနှစ်လိမ်'** ဇာတ်ကား။ ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ ထက်ပိုင် ရိုက်ကူးပြီး ညီညီ မင်းထက်၊ ဝါဝါအောင်တို့ ပါဝင်သော**' လုလင်ပျို နှင့် မိကျောင်းမယ်'** ဇာတ်ကား။ ငွေအိမ်စံ ဗီဒီယိုမှ ဒါရိုက်တာ ညိုမင်းလွင် ရိုက်ကူးပြီး သူထူးစံ၊ ဥက္ကာမင်းမောင်နှင့် ရတနာ ခင်တို့ ပါဝင်သော **'ရေခဲမြစ်ထဲက နေ၊ ချော်ရည်မြစ်ထဲက လ'** ဇာတ်ကား။ ဖိုးလပြည့် ဗီဒီယိုမှ ဒါရိုက်တာ ထူးကျော် ရိုက်ကူးပြီး သီဟတင်စိုး၊ ဇင်မာဦးတို့ ပါဝင်သော **'ရိုးတော့နွား၊ ဆိုးတော့ ကျား'** ဇာတ်ကား။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာ အောင်ဆွေဆက် ရိုက်ကူးပြီး နေလင်းဦး၊ မေသကြိန်တို့ ပါဝင်သော **'ကြမ္မာရိုင်းရိုင်း'** ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ ဗဟိန်းသန်း ရိုက်ကူးပြီး ကျော်ဝင်းထွန်း၊ ကျော်ဇောဟိန်းနှင့် ယွန်းသက်ထားတို့ ပါဝင်သော **'မေမေ ခွင့်မလွှတ်နဲ့'**ဇာတ်ကား။ စိန်ဌေးဗီဒီယိုမှ ဒါရိုက်တာ မဟာရိုက်ကူးပြီး ခင်လှိုင်၊ ငြိမ်းချမ်း၊ ထက်ထက်နှင့် အာကာမြင့်အောင်တို့ပါဝင်သော **'မော်ဒယ်မလေး ရေးတဲ့ ဖူးစာ'** ဇာတ်ကား။ပန်းခြေရာဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်း ရိုက်ကူးပြီး ဝင်းမိုးကျော်၊ ထက်ဝန်းမြတ်နိုးတို့ပါဝင်သော **'ငွေဆောင်ကမ်းခြေက နှလုံးသားခြေရာ'** ဇာတ်ကား။ ကြောင်ကမ္ဘာဗီဒီယိုမှ ဒါရိုက်တာ စန္ဒာအောင်သိန်း ရိုက်ကူးပြီး နေမျိုးအောင်၊ ယမင်းကိုကိုတို့ပါဝင်သော **'အတိတ်ကအရိပ်'** ဇာတ်ကားများဖြန့်ချိပြသမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

**လပ်ကီးဆဲဗင်း ဗီဒီယို 'အက်ဆစ်ချို' ဇာတ်ကားမှ လူမင်းနှင့် ထက်ထက်မိုးဦး။**



**အချစ်ကြိုးဝိုင်း**

**လပ်ကီးပလေ့ ဗီဒီယို 'အချစ်ကြိုးဝိုင်း' ဇာတ်ကားမှ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်။**



**ကြောင်ကမ္ဘာဗီဒီယို၏ 'အတိတ်ကအရိပ်'ဇာတ်ကားမှ နေမျိုးအောင်၊ ယမင်းကိုကို။**

## နွေကကူးတဲ့ မိုးဦးဝသန် စတင်ရိုက်ကူး

ရန်ကုန် စက်တင်ဘာ ၂၀

**ညိုရာလွင် ဗီဒီယိုမှ ရွှေတည်ရန်နောင်၏ ဝတ္ထုကို လှဝင်း(ဘောဂဗေဒ)ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဝေဠု(ဝသန်)ရိုက်ကူးမည့် 'နွေကကူးတဲ့မိုးဦးဝသန်'အဆင့်မြင့်ဗီဒီယိုဇာတ်ကား စတင်ရိုက်ကူးသည့် ကန်တော့ပွဲပေး အခမ်းအနားကို အင်းလျားလမ်း ရွှေရှမ်းကန်စားသောက်ဆိုင်တွင် မကြာမီက ကျင်းပခဲ့သည်။**

**ထိုဇာတ်ကားတွင် ပိုင်သိခ်၊နှင်းဝေယံ၊ ဇော၊ ထင်ပေါ်၊ ဗေဒါ၊ ထူးသာနှင့် ညီကျော်တို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။** (မြန်မာ့အလင်း)



**ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် လမ်း၊ တံတားများ ဆောင်ရွက်လျက်ရှိရာစက်တင်ဘာ၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ပိန်းဇလုပ်၊ရွာမ၊ ကညင်ကျိုး လမ်းပေါ်ရှိ အုန်းနဲ့သာသစ်သားတံတားပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်လှိုင်တို့ ရှင်းလင်းတင်ပြစဉ်။** (၁၃၄)

**ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဌေးဝင်း၊ ဒုတိယဦးစီးမှူး(ဈေး)ဦးဝင်းမြတ်သိန်းတို့ ဦးဆောင်သော ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဩဂုတ် ၂၈ ရက်က ဈေးပတ်ဝန်းကျင် ရေမြောင်းများ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သီပေါမြို့နယ်တွင် အခမ်းအနားကျင်းပ

**သီပေါ စက်တင်ဘာ ၁၅**

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက်က အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ အခမ်းအနားကို အထက်တန်းကျောင်းသား ကျောင်းသူလေးများက 'မြန်မာ့ကျောင်း' သီချင်းကို သီဆိုဖွင့်လှစ်၍ ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာတတ်မြောက်ရေးလုပ်ငန်းနှင့်အတူ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးနှင့် ဌာန၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်) ဂျီးတောင်က အခြေခံပညာဦးစီးဌာန ၏ 'လူတိုင်းအတွက်ပညာရေး' စာတမ်းကို ဖတ်ကြားဆွေးနွေးပြီး စာစီစာကုံးပြိုင်ပွဲတွင် ပြည်နယ်အဆင့် ပထမဆုရ သတ္တမတန်းကျောင်းသူ မနှင်းဝေဝေနှင့် ပိုစတာပြိုင်ပွဲတွင် ပြည်နယ်အဆင့် ပထမဆုရ သတ္တမတန်းကျောင်းသား စိုင်းထွန်းဦးတို့အား ကျောင်းအုပ်ဆရာမကြီးကဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(၁၀၆)

**စာတတ်သူတိုင်း**

**စာဖတ်ဖို့**

**စာကြည့်တိုက်များ**

**ထူထောင်စို့**

**လိုက်လံစစ်ဆေး**

**စက်တင်ဘာ ၁၀ရက်က လားရှိုးမြို့နယ် စည်ပင်သာယာအဖွဲ့ပိုင်မြို့ မ ဈေး ရှိ သား ငါး တန်းများ ၌ လတ်ဆတ် သော သား ငါးများ အုပ်ဆောင်းဖြင့် စနစ်တ ကျ ဖုံး အုပ် ရောင်းချမှုအား**



**မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအေးလွင်၊ ဈေးခေါင်း ဦးဌေးလွင်နှင့် ဈေးဝန်ထမ်းများ လိုက်လံကြီးကြပ် စစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)



**ကြီးကြပ်ဆောင်ရွက်ပေး**

**ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထုပ်ခြင်းနှင့် ပျိုးထောင်ခြင်းများကို စက်တင်ဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးသန်းဦး၊ လက်ထောက်အင်ဂျင်နီယာဦးဇော်မြင့်နှင့် ဒုတိယဦးစီးမှူး ဦးရိုန်မြင့်မောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



## မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး မြို့သာယာလှပရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးဆွေးနွေး

မကွေး စက်တင်ဘာ ၁၀

**မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်များတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်း တက်ရောက် အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းမီစွာဖြင့် အချိန်မီပြီးစီးရေး၊ စည်ပင်သာယာရေး လုပ်ငန်းများကို စေတနာထက်သန်စွာဖြင့် ဆောင်ရွက်ရေးနှင့် ပြည်သူများကိုစည်းရုံး၍ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်ရေး တို့ကို မှာကြားကြသည်။ **(အပေါ်ပုံ)**

**(မြို့နယ်စည်ပင်)**

## တာချီလိတ်အထက ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

**တာချီလိတ် စက်တင်ဘာ ၁၀**

တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်တွင် ဩဂုတ် ၂၀ ရက်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးတူးမောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်တို့က ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းပြောကြားသည်။



ထို့နောက် ၂၀၀၄ ခုနှစ်တက္ကသိုလ်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်သန့်ဇင်ဦးအား ဗိုလ်မှူးကြီးမြင့်ဟန်က လည်းကောင်း၊ **(အပေါ်ပုံ)၊** သုံးဘာသာဂုဏ်ထူးရှင် မအိအိဖြိုးအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက လည်းကောင်း ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**သန်လျင်မြို့ မြို့ဟောင်း အလကကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ထားဝင်းဦးဆောင်မှုဖြင့် ကျောင်းတွင်းဘက်စုံပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ရာ သူငယ်တန်းမှ မောင်ထွဋ်နိုင်သွင် ကဗျာရွတ်ဆိုပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်စဉ်။**

(ခရိုင် ပြန်/ဆက်)



## ကဝမြို့နယ် ထွေ/အုပ်ဦးစီး ပညာသင်စရိတ်ထောက်ပံ့ ထူးချွန်ဝန်ထမ်းသားသမီးများ ဂုဏ်ပြုဆုချီးမြှင့်

**ကဝ စက်တင်ဘာ ၁၂**

ပဲခူးတိုင်း ကဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် သင်ကြားလျက်ရှိသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်းအခမ်းအနားကို စက်တင်ဘာ၇ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အမှာစကားပြောကြားပြီး ထူးချွန်စွာ အောင်မြင်သည့် ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တက္ကသိုလ်ဝင်တန်းအောင်၊ အထက်တန်း၊အလယ်တန်းနှင့်မူလတန်း အဆင့် ကျောင်းသား ကျောင်းသူများအား ဆုငွေနှင့်ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(က-ပ)**



## စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်

**သနပ်ပင် စက်တင်ဘာ ၁၀**

သနပ်ပင်မြို့နယ် သားငါးကဏ္ဍတိုးတက်ရေးအတွက် ပဲခူးတိုင်းငါးလုပ်ငန်း ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ စက်တင်ဘာ ၇ရက် နံနက် ၈နာရီက ပဲခူးစစ်တောင်းတူးမြောင်းအတွင်း ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန် ငါးသားပေါက် ၁၀ သိန်းငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် ငါးလုပ်ငန်းအသင်းအမှုဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့များတက်ရောက်၍ စုပေါင်းငါးမျိုးစိုက်ထည့်ကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**





## စုပေါင်းဆောင်ရွက်

**သီပေါမြို့နယ် မြို့မဈေးကြီး သန့်ရှင်းသပ်ရပ်စေရေးအတွက် စက်တင်ဘာ ၇ ရက်က အမှုဆောင်အရာရှိဦးသန့်ဇင် ဦးဆောင်သော ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ ဈေးအတွင်း သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

## မြန်မာ့အသံ

**၂၂-၉-၂၀၀၄(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

**နေ့လယ်ပိုင်း**

၁၀:၀၅ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အခြေခံပညာ (၁၀-၁၅)နှစ် အမျိုးသားများ လေ့လာရန် (ဓမ္မပူဇာတေး)

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (မိသားစု ကွန်ပျူတာအကြောင်း သိကောင်းစရာများ)

၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (မေတ္တာနှလုံးအလှဆုံး-ယောဆရာတော်)

၁၂:၃၅ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အခြေခံပညာ (၁၅-၂၀)နှစ် အမျိုးသား၊ အမျိုးသမီးများ လေ့လာရန် (မဟာဂီတ)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (တော်သလင်းနှင့် လေ့ချင်းများ-ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇:၀၀ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအမျိုးသားများ လေ့လာနိုင်ရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)

၁၇:၃၀ အစာနှင့် အာဟာရ (ငါးခေါင်းဟင်းချို)

၁၇:၄၅ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝါသနာရှင်အဆင့် လေ့လာနိုင်ရန်(ပတ္တလား)အတီး

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)သက္ကလသူရဲကောင်း၊ သို့မဟုတ်ဒူးရင်းသီးဦးစိုးမြင့် (ချစ်စံဝင်း)
(၂)ပြိုင်ပွဲဝင်စံပြစာစီစာကုံးများ (ဦးဝမ်ထိန်)

၁၉:၁၅ သီချင်းကြီးတူရိယာအဖွဲ့ (သီတဂူသီချင်းကြီးအဖွဲ့)

၂၀:၀၀ လက်ဆောင်ရတေးစီးရီး (ရာမတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် တင်ဝင်းလှိုင်၏ ရဝေရဝေစီးရီး)

**ကျေးဇူးတင်ရှိခြင်း**

## ဒုတိယဗိုလ်မှူးကြီးဘဌေး (ငြိမ်း)

**ကြည်း(၆၈၅၁)၊ လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**

၁၃-၉-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးဘဌေး(ငြိမ်း) နာမကျန်းစဉ်က အထူးကြပ်မတ်ကုသပေးခဲ့သော မဟာမြိုင်အထူးကုဆေးခန်းမှသမားတော်ကြီး ပါမောက္ခဒေါ်နုနုမော်နှင့် ဝန်ထမ်းများ၊ ဈာပနကိစ္စအဝဝတွင် ကူညီပံ့ပိုးအားပေးခဲ့ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်မိသားစုများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်မိသားစုများ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့်ဇနီး၊ စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်နှင့်ဇနီး၊ အရာရှိကြီးများနှင့်ဇနီးများ၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနမှ ဌာနမှူးနှင့်ဇနီး၊ တပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)အဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ ပညာရေးမိသားစုများ၊ ဗိုလ်သင်တန်းအပတ်စဉ်(၁၁)မှဖခင်ကြီး၏ရဲဘော်ရဲဘက်များ၊တရားရေးမိသားစုများ၊ရပ်ကွက်နေ ရပ်ကွက်သားများ၊ ဈာပနအခမ်းအနားတွင် လူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ရပ်ဝေးရပ်နီးမှ အားပေးနှစ်သိမ့်ကြသူများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများပေးပို့ခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

**ကျေးဇူးတင်ရှိခြင်း**

## ဦးမင်းနိုင် (ပန်းချီ)

**အသက်(၈၀)**

၁၄-၉-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော(ဦးမင်းနိုင်၊ ပန်းချီ၊ ညွှန်ကြားရေးမှူး၊ အငြိမ်းစား၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန) နာမကျန်းဖြစ်စဉ်ဆေးဝါးကုသပေးခဲ့ကြသော ဆရာဝန် ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းအသီးသီးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ကဏ္ဍုမွေတော်ဂေါပကအဖွဲ့၊ ရန်ကုန်တက္ကသိုလ်(မနုဿဗေဒဌာန)၊ (မြန်မာစာဌာန)ယဉ်ကျေးမှုတက္ကသိုလ်နှင့် ပြတိုက်ပညာဒီပလိုမာသင်တန်းမှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ လွမ်းသူ့ပန်းခွေ၊ပန်းခြင်းများ ပေးပို့ကြသူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ရှိထိုက်သူအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးမျိုးထွန်း (SAE)

**(စစ်တွေ)**

အငယ်တန်းအင်ဂျင်နီယာ ဦးမျိုးထွန်းသည် ၁၆-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆရာဦးမျိုးချစ်-အန်တီညို မိသားစု။**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းကောင်း ကိုဘင်ရှိန် (မြိတ်)သည် ၁၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုမျိုးဝင်း(ရန်ကုန်)။**

## ဒေါ်ခင်ညိုအေး (အထပြ၊ ငြိမ်း)

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းနေ(ဦးသာထွန်း-ဒေါ်ခင်သိန်း)တို့၏သမီး၊ ဦးကျော်ဝင်းမော်-ဒေါ်မြင့်မြင့်ဦးတို့၏ညီမ၊ ဦးမြင့်မောင်(ပြန်/ဆက်၊ရုံးချုပ်)-ဒေါ်မိမိခိုင် (အမက-၁၊ဗဟန်း)၊ ဦးမျိုးသိန်းထွန်း-ဒေါ်ခင်နန်းမူ၊ဦးမြင့်စိန်-ဒေါ်ဇင်မာထွန်းတို့၏အစ်မ၊ မန္တလေးမြို့၊ မန္တလေးတက္ကသိုလ်ဝင်း၊ရွှေမန်းလမ်း၊အိမ်အမှတ် ၂ နေ ဒေါ်ဝင်းဝင်းသိန်း(နည်းပြ၊စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ ဒေါ်စိုးစိုးသိန်း (နည်းပြ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ ဒေါ်ခင်သီတာဆွေ (အလပြ၊ အမက-၂၈၊ မန္တလေး)တို့၏မိခင်၊ ဒေါက်တာမြင့်သိန်း(ပါမောက္ခချုပ်၊ စစ်ကိုင်း ပညာရေးတက္ကသိုလ်)၏ဇနီးသည် ၁၈-၉-၂၀၀၄ရက်(စနေနေ့)နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအားနှစ်လက်မအဝီစိတွင်းတစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ**

ဦးဌေးအောင်၊ အမှတ်(၂၇/စီ) ဖိုးစိန်လမ်း၊ ဗိုလ်ချို ၂ ရပ်ကွက်၊ ဗဟန်းမြို့နယ်။

**တူးဖော်မည့်နေရာ/ဦးပိုင်အမှတ်**

၄၃၈ M/၂-B၊ **အကွက်အမှတ်** ၂ အိုင်

**သန်းသန်းစိုး**

**မြေအောက်ရေကြီးကြပ်မှုအရာရှိ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်**

**(ကမ-၃)မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ခ/၈၂၄၉ ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

## ကိုဘင်ရှိန်

**အသက်(၅၀)**

မြိတ်မြို့၊အမှတ် ၆၈၊ဗိုလ်ချုပ်လမ်း၊ တလိုင်းစုရပ်နေ ဦးခက်ကြား-ဒေါ်ကျန်းလာတို့၏သား၊ ဦးအောင်ကြည်-ဒေါ်လှကြည်တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်အေး၏ခင်ပွန်း၊ ဒေါ်အားပေါင်၊ ဦးနောင်ပိန်-ဒေါ်ဝင်းတင်၊ ဦးနောင်ကိုင်း-ဒေါ်အင်၊ဦးမောင်ဝိုင်း-ဒေါ်တင်ဝါတို့၏မောင်၊ကိုမျိုးချစ်(မကြူကြူခိုင်)တို့၏အစ်ကို၊ မောင်နေလင်းထိုက်၊ မဇင်မာဖြိုးတို့၏ဖခင်သည် ၁၉-၉-၂၀၀၄ရက် ည ၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ ဂီဟင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးစစ်ငွေ (ပုလော)

**အသင်းဝင်အမှတ်(၁၄၂၁)**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၂/၈၅၊မင်းရဲကျော်စွာ ၇ လမ်း၊ (၂)ရပ်ကွက်နေ ဒေါ်မြင့်သန်း၏ခင်ပွန်းသည် ၁၉-၉-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ယင်းနေ့မွန်းလွဲ ၁ နာရီတွင်အင်းစိန်အောင်ဆန်းဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

## ကိုမျိုးဝင်းကျော် (မကွေး)

**အသက်(၃၈)နှစ်**

မကွေးမြို့၊ကန်သာဒီအုပ်စု၊အမှတ် ၁/၁၄ နေ ဦးကျော်မြင့် (မန်နေဂျာ၊ မြန်မာယူနီဗာဆယ်ဘဏ်ခွဲ၊ မကွေး)-ဒေါ်ခင်ညွန့်(မင်္ဂလာဈေး)တို့၏ ဒုတိယသား၊ ဦးသိုက်ထွန်း(ဥက္ကဋ္ဌ၊နေ့စဉ်သံဃာ့ဒါနဆွမ်းလောင်းအသင်း၊ မကွေး)-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဦးမောင်မောင်ဦး-ဒေါ်နီနီမော်တို့၏ညီ၊ ကိုမျိုးခိုင်-မစုစုလတ်တို့၏အစ်ကို၊ မနှင်းနှင်းထွန်း၏ခင်ပွန်း၊ မောင်လွင်မောင်မောင်၊ မဇွန်ပွင့်နိုင်တို့၏ဖခင်သည် ၁၃-၉-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၀၄ရက်တွင် မကွေးမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးချစ်ဆွေ(ခ)ကောင်ဖတ်စီ

**(ဒေါ်ဌေး ဦးထုပ်ဆိုင်၊စတားဘရားသား ဦးထုပ်ဆိုင်၊ စူပါစတားအထည်ဆိုင်၊ ဝမ်းစတားအထည်ဆိုင်)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၂၁ လမ်း၊ အမှတ် ၁၁၆ နေ (ကောင်မေနူ-ကြောင်ညွှန့်ကျူး)တို့၏သားကြီး၊ (ဒေါ်မိဌေး)၏ခင်ပွန်း၊ ဒေါ်တင်ကြည်-ဦးအောင်ထွန်း(အောင်ကျော်လင်းစတိုး)၊ဦးသံချောင်း-ဒေါ်ရီရီဌေး (ရန်ကုန်ပဲဆီသန့်)၊ ဒေါ်တင်မြင့်-ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီလီမိတက်)၊ ဦးတင်ညွန့်-(ဒေါ်ကြည်ကြည်ဝင်း)၊ ဦးလှသန်း-ဒေါ်သူဇာမိုး၊ ဦးကြည်ဝင်း-ဒေါ်သက်ရီစိန်တို့၏ဖခင်ကြီး၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၉-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဝင်း (ရေဦးမြို့)

**အသက်(၆၇)နှစ်**

ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်နေ (ဦးညို-ဒေါ်ဂျမ်း)တို့၏သား၊ [ဗိုလ်အောင်ဇေယျ(ခ)သခင်တင်]၏တူ၊ (ဒေါ်ခင်မြိုင်)၊ (ဒေါ်ခင်ကြိုင်)၊ (ဦးခင်မောင်)-ဒေါ်သန်းရင်၊ ဦးတင်အောင်-ဒေါ်သောင်းသောင်း၊ ဦးသိန်းမောင်-ဒေါ်တင်လှိုင်၊ (ဦးကြည်သောင်း)-ဒေါ်ညွန့်ညွန့်၊ ဦးမြင့်သိန်း-ဒေါ်ကြင်ကြင်ရီတို့၏ညီ၊ ဦးအုန်းဆွေမြင့်-ဒေါ်ခင်ခင်တင့်၊ဦးဝင်းမြင့်သန်း-ဒေါ်ခင်မြင့်ထွေးတို့၏အစ်ကို၊မစံပယ်(ခ)မမြင့်မြင့်ခိုင်၊ မောင်မျိုးရာဇာဝင်းတို့၏ဖခင်၊ တူ တူမ ၂၄ ယောက်တို့၏ဦးလေးသည် ၂၀-၉-၂၀၀၄ရက်တွင် မန္တလေးနန်းတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၀၄ရက်တွင် ရေဦးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်မျိုးခင်

**အထပြ(ငြိမ်း)၊ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်၊ အမှတ် ၁၃၃(စီ)၊ မောရဝတီလမ်းသွယ်နေ(ပျော်ဘွယ်ဦးမြ-ဒေါ်ခင်မြကြီး)တို့၏သမီး၊(ဦးမျိုးဆက်)-ဒေါ်မြရီ၊ (ဦးသောင်းဒန်)-ဒေါ်မျိုးညွန့်၊ (ဦးမောင်မောင်ညွန့်)-ဒေါ်မျိုးမြင့်၊ ဒေါ်မျိုးဆွေ၊ ဦးမျိုးလွင်၊ ဒေါ်မျိုးနွယ် (ညွှန်ချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)တို့၏ညီမ/အစ်မ၊ မမွန်မွန်(ခေတ္တ-USA)၏ချစ်လှစွာသောမိခင်၊ တူ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၁၉-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဦးမြင့်စိန်

**(ပါမောက္ခ၊အင်္ဂလိပ်စာဌာန၊ပဲခူးဒီဂရီကောလိပ်)**

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊မင်္ဂလာလမ်း၊ အမှတ် ၅၇နေ ဒေါ်ခင်အေးဝင်း၏ခင်ပွန်း၊ (ဦးလှမောင်-ဒေါ်အုန်း)တို့၏သား၊ မင်းလှမြို့နေ (ဦးဘိုးဆောင်-ဒေါ်ညွန့်လှိုင်)တို့၏သားသမက်၊ ကိုဌေးဝင်း-မဌေးဌေးအောင်တို့၏အစ်ကို၊ ကေခိုင်ဇင်မြင့်(ခေတ္တ-U.K)၊ ဆုမွန်ဇင်မြင့်(A/H-ရန်ကုန်အဲယားဝေး)၊ မြတ်နိုးဇင်မြင့် (T.T.C)၊ ပုလဲဇင်မြင့် (IX-B, T.T.C)တို့၏ဖခင်သည် ၂၀-၉-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်သိန်းလွင်

**Tutor Sister B.NSc, LL.B**

**(သူနာပြုသင်တန်းကျောင်း၊မကွေး)**

**အသက်(၅၁)နှစ်**

မင်းဘူးမြို့၊ တောင်လှည်းကောက်ရပ်နေ (ဦးစိုးမြင့်)-ဒေါ်စိန်စိန်တို့၏သမီးကြီး၊ ဦးတင်ဦး(ကျောင်းအုပ်ကြီး၊ ကိုင်းတောမ၊ မြိုင်မြို့နယ်စု)၊ ဒေါ်တင်အေး(အထက-၂၊ မင်းဘူး)၊ ဦးလှစိုး [မန်နေဂျာ၊ လယစ(၂)၊ မလွန်]-ဒေါ်သီဂီဝင်း၊ ဦးလှဦး-ဒေါ်သန်းသန်းမြင့် (စည်ပင်/ရန်ကုန်)၊ ဒေါ်ခင်ခင်သီ(ခရိုင်စာရင်းစစ်အရာရှိ၊ မင်းဘူး)၊ ဦးထင်ကျော် ဒေါ်စိန်စိန်အေး၊ (ဦးသိန်းစိုး၊ ဦးစီးမှူး၊ လဝက)-ဒေါ်သန်းသန်းဆင့်၊ ဦးဟန်ထွန်းလင်း (ယူနီဗာဆယ်ဘဏ်၊ မင်းဘူး)တို့၏အစ်မကြီးသည် ၁၈-၉-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် မင်းဘူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၀၄ရက် ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဒေါ်လှကေသီ(ခ)စိုးစံ

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊အထက်ပုဇွန်တောင်လမ်း၊ တိုက် ၅၊ အခန်း ၄၀၆၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ ဦးလှကျော်-ဒေါ်သန်းကြည်တို့၏သမီး၊ ဦးကျော်မြင့်-ဒေါ်တင်နုတို့၏သမီးချွေးမ၊ ဦးမျိုးကျော်၏ဇနီး၊ဦးစိုးကျော်ဦး(ခ)ချိုကြီး(Uniteam Co.,Ltd.)-ဒေါ်သိန်းသိန်းဌေး၊ ဒေါ်မြသီတာ၊(ဒေါ်ခင်လှသီ)တို့၏ညီမ၊ဦးသိန်းထိုက်(ခ)ချိုလေး၊ ဦးသက်ဦး-ဒေါ်အေးအေးခိုင်၊မမိုးကေသီတို့၏အစ်မ၊မဟေမာကျော် (ပထမနှစ်၊ သချာ်၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်အောင်ကျော်မြင့်တို့၏မိခင်၊ မောင်မင်းမင်းဖြိုး(တတိယနှစ်၊ အင်္ဂလိပ်စာ၊ အရှေ့ပိုင်းတက္ကသိုလ်)၏အဒေါ်သည် ၁၉-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးဘိုစိန်

**ခနောင်ထော်ကျေးရွာ**

**(ယဉ်ကျေးမှုတက္ကသိုလ်၊အကြံပေးအရာရှိ)**

**အသက်(၇၈)နှစ်**

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ခနောင်ထော်ကျေးရွာနေ (ဦးဘသိန်း-ဒေါ်အုန်း)တို့၏သားကြီး၊ ဒေါ်ခင်မြင့်(ခ)ဒေါ်လုံ၏ခင်ပွန်း၊ ဦးကျော်ကျော် (နယ်စပ်/ကုန်သွယ်)-ဒေါ်ဖြူ (ဒေါပုံမြို့နယ်၊ ပညာရေးမှူးရုံး)တို့၏ဘကြီး၊ ဦးလှရွှေ-ဒေါ်တင်ရွှေ၏ဦးလေး၊ ဦးသိန်းလွင်(ဒေါပုံသင်္ဘောကျင်း)-ဒေါ်ခင်သန်းဝင်း၊ ဦးသန်းဆွေ(The New Light of Myanmar)-ဒေါ်အေးအေး(ဆည်မြောင်းဦးစီးဌာန)၊ မောင်သန်းအောင်၊ မခင်အုန်းမြင့်၊ မောင်မျိုးမင်းထွန်းတို့၏ဖခင်သည် ၁၉-၉-၂၀၀၄ရက် ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ဒေါပုံမြို့နယ်၊လမုတန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊အိမ်အမှတ်၉၃နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ကိုမျိုးကိုကို (ဝတုတ်)

**Assistant Production Manager,**

**Teak Farm Industries**

**အသက်(၂၉)နှစ်**

မော်လမြိုင်မြို့နယ်၊ ဖားအောက်ရွာ၊ ဈေးဟောင်းလမ်းနေ ဦးကင်စိန်-(ဒေါ်သန်းအေး)တို့၏သား၊ ကိုဇော်မင်း-မယဉ်ယဉ်မိုး၊ မဖြူဖြူမိုး၊ မမိမိမိုးတို့၏မောင်၊ မလွင်လွင်အောင်၏ခင်ပွန်းသည် ၂၀-၉-၂၀၀၄ရက်တွင် ဗဟိုရ်စည်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ အမှတ် ၄၅/၂၀၂ နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဦးလှအောင်

**(ပတ္တမြားရိပ်သာ)**

**အသက်(၈၇)နှစ်**

အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာနေ ဦးလှအောင် (ပတ္တမြားရိပ်သာ၊ ပန်းဒါယကာကြီး)သည် ၁၉-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ရှမ်းကလေးကျွန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများနှင့် ယောဂီများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

**ရဟန်းအမကြီး**

## ဒေါ်သိန်းရှင်

**အသက်(၈၆)နှစ်**

မင်းဘူးမြို့၊ သူဌေးကုန်းရပ်နေ ရဲတပ်ကြပ်ကြီး ဦးပုတု၏ဇနီး၊ ပွင့်ဖြူမြို့နေ ရဲတပ်ကြပ်ကြီး စန်းမောင်(ငြိမ်း)-ဒေါ်သန်းနွဲ့၊ ကသာမြို့၊ ရပ်ကွက်(၅)နေ (ရဲတပ်ကြပ်ကြီးသန်းမြင့်၊ ငြိမ်း)-ဒေါ်ခင်ထွေး၊ ကသာမြို့နေ ဦးလှရွှေ(ကသာအရှေ့သစ်ထုတ်ရေး) - ဒေါ်သိန်းမြင့်၊ ကနီမြို့နေ ရဲတပ်ကြပ်ကြီး ဦးချစ်တိုး-ဒေါ်ခင်အုန်းမြင့်၊ ကသာမြို့၊ ရပ်ကွက်(၇)နေ ဦးစန်းမောင်(ရဲ၊ငြိမ်း)-ဒေါ်အုန်းစန်းဝင်းတို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၂-၉-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ရက်တွင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

**ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်ချော(ခ)ဒေါ်စောမြင့်

**(မြတ်ကဖီး)**

**ဥက္ကံအသင်း**

**အသက်(၇၁)နှစ်**

ဥက္ကံမြို့နေ (ဦးစံတင်-ဒေါ်လှ)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ပါရမီလမ်း၊အမှတ် ၁၃၅ နေ ဦးသာဆောင်(ခ)ဦးအောင်ငွေ၏ဇနီး၊ (ဦးစိန်ဝင်း)-ဒေါ်ခင်ကြည်တို့၏ ညီမ၊ ဦးဝင်းတင်-ဒေါ်ရင်မြ၊ (ဦးဝင်းစိန်-ဒေါ်သန်းသန်းစိန်)၊ ဦးကြည်အေး- ဒေါ်ခင်စန်းတို့၏အစ်မ၊ ဦးတင်ထွန်း-ဒေါ်အေးအေးမြတ်တို့၏မိခင်၊မောင်ဖြိုးမြတ်ဟိန်း (အထက-၁၊ တောင်ဥက္ကလာ)၏အဘွားသည် ၂၀-၉-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဆရာဒိုးစိန်မောင်

**(ပကူးကျမ်းစာကျောင်းအုပ်ကြီး)**

**တောင်ငူ**

**အသက်(၅၄)နှစ်**

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ပကူးသာသနာနယ်ဝင်းနေ သိက္ခာတော်ရဆရာ(ဆရာစောဝီး-နော်ကောရှာ)တို့၏သား၊(ဆရာမနော်မူခရီ)၏မောင်၊ဆရာမဒိုးရာ၏အစ်ကို၊ ဆရာမနော်ပုလူးလူ၏ခင်ပွန်း၊ စောအယ်ကလူထူး၊ စောအယ်ကလူစေး၊ စောအယ်ကလူတာမလာ၊ နော်အယ်ကလူခဲလယ်ခဲစေး၊ စောကလူမူးလယ်တို့၏ဖခင်သည် ၁၉-၉-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့၊အနောက်ခရစ်ယာန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## မဥမ္မာမြင့်

**အသက်(၃၁)နှစ်**

မြောက်ဥက္ကလာမြို့နယ်၊(၄)ရပ်ကွက်၊ ဣန္ဒာ ၇ လမ်း၊ အမှတ် ၈၅၇ နေ (ဦးတင်မြင့်)-ဒေါ်တင်ရီတို့၏ သမီး၊ ဦးလှမြင့်၊ ဒေါ်အောင်မကြည်တို့၏သမီးချွေးမ၊ ဦးအုံးဝင်း-(ဒေါ်သန်းသန်းဝင်း)၊ ဦးကြည်မြင့်-ဒေါ်ယဉ်ညွန့်၊ ဦးစိုးရွှေ-ဒေါ်အေးအေး၊ ဦးသောင်းထွဋ်-ဒေါ်အေးဝင်း၊ ဦးစိန်လွင်-ဒေါ်ကြူကြူသင်းတို့၏ညီမ၊ မောင်သန့်ဇင်ဦး၏ဇနီး၊ မောင်ဖြိုးနိုင်မင်း (မြန်မာ့အလင်းသတင်းစာ)၊ မောင်ချစ်ပိုင်ဖြိုး(မြန်မာ့အလင်းသတင်းစာ)တို့၏အစ်မသည် ၂၀-၉-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဂုဏာလင်္ကာရ

**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

မကွေးတိုင်း၊ ထီးလင်းမြို့နယ်၊ နွယ်ပျဉ်းရွာတောရကျောင်း ရွှေကျင်နိကာယ ရဟန္တာ့ မဟာနာယကဖြစ်တော်မူသော ဘဒ္ဒန္တဂုဏာလင်္ကာရသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၅ ရက် (၁၈-၉-၂၀၀၄ရက်) စနေနေ့ ည ၉း၃၀နာရီတွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၂)ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၉ ရက် (၂၂-၉-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဇဝန မဟာထေရ်မြတ်

**ဂဏာဓိပတိ၊ ဂဏပါမောက္ခ**

**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

မင်းကန်နိကာယ ဂဏာဓိပတိ၊ ဂဏပါမောက္ခ ဂိုဏ်းချုပ်ဖြစ်တော်မူသော ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကန်ချောင်းကျောင်းဦးစီးနာယက ဘဒ္ဒန္တ ဇဝန သက်တော်ရှည်ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၆ရက် (၁၉-၉-၂၀၀၄ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ဒါယိကာမများ

ကန်ချောင်းရွာ၊ပုဏ္ဏားကျွန်းမြို့နယ်၊ရခိုင်ပြည်နယ်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ စက္ကိန္ဒ

**တွဲဖက်အကျိုးတော်ဆောင်၊မြို့နယ်သံဃနာယကအဖွဲ့**

**ခရမ်းမြို့သကျမာရဇိန်သွန်းဘုရားကြီး၏သြဝါဒါစရိယ**

**(အောင်မင်္ဂလာကျောင်းတိုက်၊ခရမ်းမြို့)**

**သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းတိုက်၏ဦးစီးပဓာန နာယက မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၏ သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တစက္ကိန္ဒသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၆ရက်(၁၉-၉-၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် တော်သလင်းလပြည့်ကျော် ၅ ရက် (၃-၁၀-၂၀၀၄ရက်) တနင်္ဂနွေနေ့တွင် ခရမ်းမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊အောင်မင်္ဂလာကျောင်း၊ခရမ်းမြို့။

## ဦးသန်းမောင်

**အသက်(၈၂)နှစ်**

(ဦးဘိုးလုံး-ဒေါ်စိန်)တို့၏ သား၊ ရန်ကုန်မြို့၊အမှတ် ၈၄၈၊အနော်မာ ၁၀ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ကြင်ထွေး)၏ခင်ပွန်း၊ (သခင်ပု) - ဒေါ်နှင်းလှိုင်တို့၏မောင်၊ ဦးအောင်ချိန်-ဒေါ်ခင်မိမိတို့၏အစ်ကို၊ မချိုချိုသန်း-ကိုစိန်းလွင်တို့၏ဖခင်သည် ၂၀-၉-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးတင်ဖေ

**သစ်လုပ်ငန်း(ငြိမ်း)**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၀၉နေ(ဒေါ်ခင်သိန်း)၏ခင်ပွန်း၊ဦးဌေးမင်း-ဒေါ်ခင်စန်းတင်၊ (ဦးလင်းဟန်)-ဒေါ်အေးအေးမြင့်၊ ဦးစိန်မြင့်-မခင်မာတင်တို့၏ဖခင်၊မောင်လင်းမောင်မောင်-မသဥ္ဇာမင်း၊ မဆုပြည့်လင်း၊ မဆုကြည်ဟန်၊ မချစ်စုဟန်၊ မောင်ဇာနည်သွေး (လေ့ကျင့်ရေးကျောင်း၊ ရန်ကင်း)တို့၏အဘိုးသည် ၂၀-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်အေးမြင့် (ဇန်းမော်)

**အသက်(၆၆)နှစ်**

ဇန်းမော်မြို့၊ ကုက္ကိုတောရပ်နေ ဦးအောင်နိုင်၏ဇနီး၊ ဒေါ်ဝါဝါနိုင်(ဦးစီးအရာရှိ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့)၊ ဦးစိုးမိုးဝင်း-ဒေါ်ဥမ္မာနိုင်၊ ဦးမင်းတင်ဇွန်(တိုင်းရင်းဆေး၊ရွှေကူမြို့)၊ ဒေါ်စန္ဒာအောင်(တိုင်းရင်းဆေး၊ မြစ်ကြီးနား)၊ ဒေါ်ဝင်းပပနိုင်တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၁၇-၉-၂၀၀၄ရက် နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့ညနေ ၅ နာရီတွင် မုံရွာသုသာန်၌ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊ကျောင်းမယ်တော်ကြီး**

## ဒေါ်နန္ဒာရီ

**အသက်(၈၃)နှစ်**

မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ရွာနေ (ဦးဖိုးလူ-ဒေါ်ပ)တို့၏သမီး၊မိဂဒါဝုန်ချောင် မြရတနာသီလရှင်စာသင်တိုက် ပဓာနနာယက ချောင်ဆရာကြီး ဒေါ်ပုညကာမီ(ပထမကျော်၊ အဂ္ဂမဟာအကျော်)၏မိခင်သည် ၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၆ ရက် (၁၉-၉-၂၀၀၄ရက်) ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ ရက်(၂၁-၉-၂၀၀၄ရက်)မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း**

## ဦးခင်ထွန်း

**လက်ထောက်ဦးစီးမှူး(ငြိမ်း)**

**အသက်(၆၅)နှစ်**

ပြည်မြို့၊ ရတနာမာန်အောင်ကွက်သစ် အမှတ် ၁၉/၂၅၈၊ ၁ လမ်းနေ ဦးခင်ထွန်း ရာသက်ပန်အသင်းဝင်အမှတ်(၁၇၀၃)သည် ၁၈-၉-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၉-၉-၂၀၀၄ရက်တွင်လက်ပန်ပင်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

## ဦးမောင်မောင်နိုင်

**(Bosun) M.V Calabria**

**JSM International Ltd.**

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးကျော်ကျော်(လ/ထညွှန်မှူး၊လဝက၊ ငြိမ်း)-ဒေါ်နှင်းအေးတို့၏တစ်ဦးတည်းသောသား၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ညောင်ပင်ဈေးရပ်နေ ဦးကျော်နု-ဒေါ်လှယဉ်တို့၏သားသမက်၊ဒေါ်ချိုချိုနိုင်-(ဦးခင်မောင်ကြင်)တို့၏မောင်၊ ပုဇွန်တောင်မြို့နယ်၊ ၅၅လမ်း၊ တိုက်အမှတ် 19/5 - G နေ မသန္တာခစံ၏ခင်ပွန်း၊ မောင်ဟိန်းမြတ်ဦး (သူငယ်တန်း-က၊ အထက-၆၊ ဗိုလ်တထောင်)၏ဖခင်သည် Calabria သင်္ဘောပေါ်တွင် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ် ၁၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်ရက်ကိုထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** **R. 488**

## လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး **Lieutenant General, JS Varma PVSM,AVSM, ADC** ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အိန္ဒိယတပ်မတော်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၀

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM,AVSM, ADCဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

### တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အတူ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ဗိုလ်မှူးချုပ်ခင်အောင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra လည်း တက်ရောက်သည်။

### တည်ခင်းဧည့်ခံ

ည ၇ နာရီတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရွှင်ရယ် ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး

*စာမျက်နှာ ၃ ကော်လံ ၅* ■

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### ဂျင်နီမုန်တိုင်း ဖွဲ့စည်းမှု



အပူပိုင်း မုန်တိုင်းဂျင်နီသည် ဒိုမီနီကန်သမ္မတနိုင်ငံတွင် တိုက်ခတ်ခဲ့ပြီးနောက် ဘဟားမားနိုင်ငံ အရှေ့တောင်ဘက်ဆီသို့ ဦးတည်ရွေ့လျားသွားခဲ့သည်။ ဒိုမီနီကန်သမ္မတနိုင်ငံအတွင်း တိုက်ခတ်ခဲ့ရာတွင် လူ ၁၁ ဦးသေဆုံးပြီး အိမ် ရာပေါင်းများစွာ ပျက်စီးခဲ့ရသည်။ **(အပေါ်ပုံ)**မှာ ဒိုမီနီကန်သမ္မတနိုင်ငံပေါ်၌တိုက်ခတ်ခဲ့သော ဂျင်နီမုန်တိုင်း၏ဖွဲ့စည်းမှုကို အယ်လ်ကွာဂြိုဟ်တုမှနေ၍ စက်တင်ဘာ ၁၇ ရက်က ရိုက်ကူးထားသည့်ပုံဖြစ်သည်။

**(ဓာတ်ပုံ-အင်တာနက်)**

### ကမ္ဘာ့တန်ဖိုးအကြီးဆုံး မိုဘိုင်းလ်

စင်ကာပူရှိ အရောင်းပြခန်း၌ ပြသထားသော ဗာတူကုမ္ပဏီက ထုတ်လုပ်သည့် ကမ္ဘာပေါ်တွင် တန်ဖိုးအကြီးမားဆုံး မိုဘိုင်းလ်ဖုန်းဖြစ်သည်။ **(ယာပုံ)**



နိုကီယာ ဆက်သွယ်ရေးကုမ္ပဏီကြီး၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော ဗာတူကုမ္ပဏီက ထုတ်လုပ်သော မိုဘိုင်းလ်ဖုန်းများသည် တန်ဖိုးကြီးမားပြီး လုပ်ဆောင်ချက် ကန့်သတ်မှု ရှိလင့်ကစား ကျစ်လျစ်ကြော့မော့ပြီး လိုချင်စဖွယ်ဖြစ်သည်။

**(ဓာတ်ပုံ-အင်တာနက်)**

## စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၂၄-၉-၂၀၀၆ (သောကြာနေ့)
အချိန် - ညနေ ၃ နာရီ မိနစ် ၃၀
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊
အစည်းအဝေး ခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်၊ အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁

## မြန်မာ့အလင်း

### သတင်း ဆောင်းပါး အညွှန်း

❒ စိုက်ပျိုးရေရရှိရေးစီမံကိန်းများသည် ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်ကာလအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် အကျိုးရလဒ်ကောင်းများဖြစ်။ (ခေါင်းကြီး (စာ-၂))

❒ စက်တင်ဘာ ၁၇ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၂၇ဦး ရှိသွားပြီ။ (နိုင်ငံတကာသတင်း (စာ-၄))

❒ ရှေးဘိုးဘေး အမွေအနှစ်များကို လက်ဆင့်ကမ်း ပခုံးကူးပြောင်းကြရာတွင် ရည်ရွယ်ချက်ရှိရှိ တာဝန်သိသိဖြင့် ကူညီပူးပေါင်းပါဝင် စောင့်ရှောက်မြှင့်တင်မှသာ အမျိုးသားရေး စရိုက်လက္ခဏာများလည်း အဓွန့်ရှည်မည်ဖြစ်သည်။

တင်သန်းယု (မြန်မာ့ခရီးသွား)၏ ရှေးဟောင်းယဉ်ကျေးမှုအမွေ ပုဂံမြေ (ဆောင်းပါး (စာ-၁၀))